မြန်မာနိုင်ငံ ကက်သလစ် ဆရာတော်များ အဖွဲ့ချုပ် သတင်းဂျာနယ်

# the CBCM Herald


သင်တို့၏ ရန်သူများကို ချစ်ကြလော့။ ကောင်းကျိုး ပြု ကြလော့။ တစ်စုံတစ်ရာကို မမျှော်လင့်ဘဲ ချေးငှားကြလော့။ ဤသို့ ပြုခြင်းဖြင့် သင်တို့၏ ဆုလာဘ်သည် ကြီးမားလိမ့်မည်။ သင်တို့သည်လည်း အမြင့်ဆုံးသော သူ၏သားသမီးများ ဖြစ်ကြလိမ့်မည်။
ရှင်လုကာ ၆း၃၅


ဇူလိုင်လ ၂၀၁၉ ခုနှစ် | မြန်မာနိုင်ငံ ကက်သလစ်ဆရာတော်ကြီးများ အဖွဲ့ချုပ်မှ လစဉ်ထုတ်ဝေသည် | အတွဲ (၄) အမှတ် (၇)







မန္တလေး ကက်သလစ် ဂိုဏ်းချုပ်သာသနာ၏ ဂိုဏ်းချုပ်ဆရာတော်ကြီး အဖြစ် ၂၀၁၉ ခုနှစ် မတ်လ ၂၅ ရက်နေ့တွင် ခန့်အပ်ခံရပြီး ဇွန်လ ၂၃ ရက်နေ့တွင် ဆရာတော် သိက္ခာခံယူကာ ပလ္လင်အပ်နှင်းခြင်းခံရတော်မူသော ဂိုဏ်းချုပ်ဆရာတော်ကြီး မာကုတင်ဝင်း အား ကောင်းသောသိုးထိန်းဖြစ်တော်မူသော ယေရှုဘုရားရှင်၏ နှလုံးသားအတိုင်း မိမိအား အပ်နှင်းထားသော သိုးစုကို ဦးဆောင်လမ်းပြ အုပ်ချုပ်နိုင်ရန် လိုအပ်သော ကျေးဇူးတော်များနှင့် ပြည့်ဝပါစေကြောင်း ဆုတောင်းခြင်းများစွာဖြင့် ဂုဏ်ပြုအပ်ပါသည်။

CBCM HERALD



## ပုပ်ရဟန်းမင်းကြီး ဖရန်စစ် ၏ ရိုမေးနီးယား နိုင်ငံ ခရီးစဉ်

ပုပ်ရဟန်းမင်းကြီး ဖရန်စစ်သည် ၂၀၁၉ ခုနှစ် မေလ ၃၁ ရက်မှ ဇွန်လ ၂ ရက်နေ့ အထိ ရိုမေးနီးယားနိုင်ငံသို့ အလည်အပတ် ရောက်ရှိခဲ့သည်။ ခရီးစဉ်၏ ခေါင်းစီးမှာ "Let's walk together" အတူတကွ လျှောက်လှမ်းကြပါစို့ ဖြစ်သည်။

အမျိုးမျိုးသော မတူညီမှုများ၏ ကြွယ်ဝခြင်းအလယ်တွင် လျှောက်လှမ်းခြင်း ဟု ပုပ်ရဟန်းမင်းကြီးက သူ၏ ခရီးစဉ်ကို အမည်ပေးခဲ့သည်။ အထူးသဖြင့် ကက်သလစ်အသင်းတော်နှင့် ဂရိသြသဒေါ့တို့အကြား မတူညီမှုကို စေ့စပ်ပေးခဲ့သည်။ ခရီးစဉ်အတွင်း ယုံကြည်ခြင်းအတွက် အသက်စွန့်ခဲ့ကြသော ဂရိသဒေါ့ ဆရာတော်ကြီး ၇ ပါးအား သူတော်မြတ်အဖြစ် တင်မြှောက်ခဲ့သည်။ လူထု ပရိတ်သတ် တစ်သိန်းခန့်ပါဝင်သော မစ္ဆားတရားတော်မြတ်ကို မယ်တော်၏ ဗိမာန်တော်တွင်ပူဇော်ခဲ့သည်။

ခရီးစဉ်အတွင်း ပုပ်ရဟန်းမင်းကြီး၏ အဓိက သတင်းစကားမှာ မတူညီမှုများကြောင့် ခွဲခြားခြင်းမရှိဘဲ စည်းလုံးညီညွတ်စွာ နေထိုင်ကြရန် ဖြစ်သည်။

## ဆရာတော်ကြီးများ၏ အစည်းအဝေးနှင့် သဘောထား ထုတ်ပြန်ကြေငြာချက်


စာ - ၈ နှင့် ၉




## အယ်ဒီတာ့ အာဘော်

### သဘာဝ ပတ်ဝန်းကျင် ထိန်းသိမ်းခြင်း

ယနေ့ကမ္ဘာတွင် လူသားများအား အခြိမ်းခြောက်ဆုံးသော အရာမှာ ကမ္ဘာကြီးပူနွေးလာခြင်းနှင့် ကမ္ဘာ့ရာသီဥတု ပြောင်းလဲလာခြင်း ဖြစ်သည်။ ထိုပြောင်းလဲခြင်းများနှင့်အတူ သဘာဝဘေးအန္တရာယ်မျိုးစုံကိုလည်း ရင်ဆိုင်ကြရသည်။ ဤသဘာဝ ဘေးအန္တရာယ်တို့သည် လူတို့ကိုယ်တိုင် တာဝန်မဲ့စွာ ပြုမူမှုများကြောင့် ဖြစ် ပွါးရခြင်း ဖြစ်ကြောင်း ပညာရှင်များက ဆိုကြသည်။ တနည်းအားဖြင့် ဆိုရလျှင် "သင်က သဘာဝကို ဖျက်စီးလျှင် သဘာဝကလည်း သင့်ကို ဖျက်စီးလိမ့်မည်" ဆိုသည့် ဆိုစကားအတိုင်းဖြစ်သည်။

လူသားများ နေ့တရုဝ ထုတ်လုပ်နေသော မော်တော်ယာဉ်များနှင့် စက်ရုံများမှ ထွက်သော မီးခိုးငွေ့များကြောင့်လည်းကောင်း၊ အပူငွေ့များ ထွက်စေသော လူနေမှု နည်းစနစ်များကြောင့်လည်းကောင်း၊ သစ်တောများ ပြုန်းတီးမှုကြောင့်လည်းကောင်း ရာသီဥတု ပြောင်းလဲခြင်း ဖြစ်သည်ဟု IPCC (Intergovernmental Panel on Climate Change) အဖွဲ့က မှတ်ချက်ထုတ်ပြန်ခဲ့သည်။ IPCC အဖွဲ့ကို ၁၉၈၈ ခုနှစ်တွင် ကမ္ဘာ့ကုလ သမဂ္ဂက ဖွဲ့စည်းတည်ထောင်ခဲ့သည်။ အနှစ် ၂၀ ကျော် အစိုးရများအတွင်း စုပေါင်း ကြိုးပမ်းမှုတို့သည် ရာသီဥတု ပြောင်းလဲခြင်းကို ထိရောက်အောင် ကိုင်တွယ်နိုင်စွမ်းမရှိခဲ့ပေ။ ကမ္ဘာ့ရာသီဥတု ပြောင်းလဲမှုကို တုန့်ပြန် ဆောင်ရွက်ရန် အရေးတကြီး လိုအပ်လာခြင်းကို ကမ္ဘာ့နိုင်ငံများက အသိအမှတ်ပြုလာကြသည်။ ထို့ကြောင့် ၂၀၁၅ ခုနှစ် ဒီဇင်ဘာလ ၁၂ ရက်နေ့တွင် (Global Paris Agreement) ပဲရစ် သဘောတူ ကြေငြာစာတမ်းကို ထုတ်ပြန်ခဲ့သည်။ ၂၀၁၉ ခု မတ်လ အထိ ထို သဘောတူကြေငြာစာတမ်းကို နိုင်ငံပေါင်း ၁၉၅ နိုင်ငံက လက်မှတ်ထိုးထားပြီး ၁၈၆ နိုင်ငံမှာ အဖွဲ့ဝင်များ အဖြစ်ပါဝင် ဆောင်ရွက်လျက်ရှိသည်။ ထိုကြေငြာစာတမ်းအရ ကမ္ဘာ့နိုင်ငံများသည် ရာသီဥတု ပြောင်းလဲခြင်းနှင့် ကမ္ဘာကြီးအား ပူနွေးစေမည့် အပြုအမူများကို မပြုလုပ် ကြရန်ဖြစ်သည်။

ထိုပဲရစ် သဘောတူ ကြေငြာစာတမ်း မတိုင်မီ ပုပ်ရဟန်းမင်းကြီး ဖရန်စစ်က သဘာဝ ပတ်ဝန်းကျင်ထိန်းသိမ်းရေးအတွက် နိုးဆော်စာချွန်တော် Laudato, Si' အား ၂၀၁၅ ခုနှစ်၊ မေလ ၂၄ ရက်တွင် ထုတ်ပြန်ခဲ့သည်။ ထိုစာချွန်တော်တွင် လူသားများ၏ တာဝန်မဲ့လုပ်ရပ်များကြောင့် ပျက်စီး ယိုယွင်းနေသော ကမ္ဘာမြေအား ဝိုင်းဝန်း ကယ်တင်ကြရန် လူသားအားလုံးကို တိုက်တွန်းထားခြင်း ဖြစ်သည်။ ပုပ်ရဟန်းမင်းကြီးက ကမ္ဘာမြေအား ကယ်တင်ရန် နှိုးဆော်သူများထဲတွင် ပုပ်ရဟန်းမင်းကြီး ပေါလ် (၆) နှင့် ရဟန္တာ ဂျွန်ပေါလ် (၂) တို့သည်လည်း ပါဝင်ကြောင်း သတိပေးခဲ့သည်။

အထူးသဖြင့် ဖွံ့ဖြိုးတိုးတက်ရေး ခေါင်းစဉ်အောက်၌ ကမ္ဘာမြေကြီးနှင့် သဘာဝပတ်ဝန်းကျင်ကို ဆင်ခြင်မဲ့စွာ ဖျက်စီးခြင်းများ မပြုလုပ်ကြရန် သတိပေးသည်။ ကမ္ဘာ့ ရေ၊ လေ နှင့် အသက်တာတို့ကို ဖျက်စီးခြင်းသည် သေးငယ်သည် ဖြစ်စေ ကြီးမားသည် ဖြစ်စေ ကမ္ဘာမြေအား ဖျက်စီးခြင်း ဖြစ်သောကြောင့် ရာဇဝတ်မှုဖြစ်သကဲ့သို့ လူသားထုနှင့် ဖန်ဆင်းရှင် ဘုရားသခင်ကို ပြစ်မှားခြင်းပင် ဖြစ်သည်ဟု ပြင်းထန်စွာ သတိပေးထားသည်။

ထိုစာချွန်တော်အားဖြင့် ပုပ်ရဟန်းမင်းကြီးက ကမ္ဘာတဝှမ်းလုံးရှိ အသိပညာရှင်၊ အတတ်ပညာရှင်များ၊ နိုင်ငံခေါင်းဆောင်များ၊ ကမ္ဘာ့မိသားစု တစ်စုတည်း အနေဖြင့် ကမ္ဘာမြေအား ကယ်တင်နိုင်မည့် နည်းလမ်းများကို ဝိုင်းဝန်းရှာဖွေကြရန် တိုက်တွန်းခဲ့သည်။

ကမ္ဘာမြေကြီးသည် လူသားတိုင်းအတွက် ဖြစ်သဖြင့် လူသားတိုင်းအတွက် အကောင်းဆုံးဖြစ်အောင် ဖန်တီးပေးရမည်။ မည်သူကိုမျှ ချန်လုပ်ထားခြင်း မပြုရန်လည်း သတိပြုရမည်ဖြစ်သည်။

လူသားထုသည် စွမ်းအင်လိုအပ်ပါသည်၊ သို့သော် စွမ်းအင်သုံးစွဲခြင်းသည် လူသားထုအား မဖျက်စီးစေရပါ။ Civalization needs energy but energy use must not destroy civilization! ပုပ်ရဟန်းမင်းကြီးရုံး လူသားဘက်စုံဖွံ့ဖြိုးရေး ဖေါ်ဆောင်ရေးကော်မတီနှင့် ရေနံထုတ်လုပ်ရေးကုမ္ပဏီဥက္ကဌများ၏ဒုတိယအကြိမ် အစည်းဝေးပွဲအတွက် ပုပ်ရဟန်းမင်းကြီး ဖရန်စစ်ပေးပို့သော သဝဏ်လွှာတွင် အထက်ပါအတိုင်း ရေးသားခဲ့သည်။ မှန်ပါသည်။ စွမ်းအင်ထုတ်လုပ်ခြင်း လူသားများ၏ ကောင်းကျိုးကို ဖေါ်ဆောင်ရန်မှာ အဓိကဖြစ်ဖြစ်ပြီး စွမ်းအင်ထုတ်လုပ်ခြင်းအတွက် လူသားများကို စတေးခြင်း မပြုရန် လိုအပ်ပါသည်။

ကမ္ဘာ့ကုလသမဂ္ဂ၏ ဦးဆောင်မှုဖြင့် နိုင်ငံအလိုက် ကမ္ဘာ့ရာသီဥတုအား ထိန်းညှိရန်ကြိုးပမ်း ဆောင်ရွက်နေကြသည်။ အသင်းတော်တစ်ခုလုံး အနေဖြင့်လည်း အသိပညာပေးခြင်း၊ နှိုးဆော်ခြင်း၊ ပါဝင်လုပ်ဆောင်ခြင်း စသည်တို့ဖြင့် ကမ္ဘာမြေကြီးအား ကာကွယ်စောင့်ရှောက်လျက် ရှိသည်။ ကျွန်ုပ်တို့၏ နေအိမ်ဖြစ်သော ကမ္ဘာမြေကြီးအား ထိန်းသိမ်းစောင့်ရှောက်ရန် ကျွန်ုပ်တို့ တစ်ဦးစီသည်လည်း တာဝန်သိစိတ်ဖြင့် တက်ကြွစွာ ပါဝင်လုပ်ဆောင်ရန် အရေးတကြီး လိုအပ်နေပြီဖြစ်ကြောင်း တိုက်တွန်းလိုက်ရပါသည်။

## ၂၀၁၉ ခု ဇူလိုင်လ အတွက်

### ပုပ်ရဟန်းမင်းကြီး၏ ဆုတောင်းမေတ္တာ ရည်ရွယ်ချက်

**တရားရေးအမှုထမ်းတို့သည် ဂုဏ်သိက္ခာရှိစွာ လုပ်ကိုင်နိုင်ကြစေရန် နှင့် လောကကြီးအားလွှမ်းမိုးထားသော မတရားခြင်းသည် အနိုင်မယူနိုင်ပါမည့် အကြောင်း**



**That those who administer justice may work with integrity, and that the injustice which prevails in the world may not have the last word.**

### ပျော်ရွှင်သော အိမ်ထောင်ရေးအတွက် ပညတ်တော် ၁၀ ပါး

၁။ အတူဝေမျှ၊ ဆုတောင်းကြ၍ နေ့ညအစဉ် ဘုရားရှင်အား ရှိခိုးလော့။

၂။ ချစ်ခြင်းမေတ္တာ၊ ဖြူသစ္စာကို၊ ရင်မှာထာဝရ ရိုးမြေကျတိုင် စောင့်ထိန်းလော့။

၃။ ကြင်သူမနော၊ စိတ်သဘောအား၊ လေးစားမြတ်နိုး၊ တန်ဖိုးထား၍ ချစ်ပါလော့။

၄။ မောင်မယ်ကြည်ဖြူ၊ ရှာဖွေကူလျှက်၊ ညီတူစိတ်ထား၊ မခွဲခြားဘဲ ရှိစေလော့။

၅။ မကြင်စိမ်းကား၊ ဒေါသပွား၍ စကားစစ်ထိုး မျက်မှန်းကျိုးအောင် မပြုနှင့်။

၆။ အိမ်ထောင်ကိစ္စ၊ အဝဝ၌ ဘေးမှသွေးခွဲ၊ တလွဲစကား မယုံနှင့်။

၇။ တစ်ယောက်အကြိုက်၊ တစ်ယောက်လိုက်၍၊ အလိုက်တသိ၊ သတိဆောင်၍ ပေါင်းသင်းလော့။

၈။ အတ္တမခင်၊ ဂျေမဝင်ဘဲ၊ တလွဲမာန၊ ဂုဏ်တုပခြင်း မပြုနှင့်။

၉။ စာနာထောက်ထား၊ မေတ္တာပွား၍ မိသားစုအရေး၊ ဆွေးနွေးညှင်သာ၊ နူတ်လိမ္မာလော့။

၁၀။ မျိုးဆက်သစ်များ၊ သမီးသားကို၊ ကြိုးစား ပျိုးထောင်၊ လူ့ဘောင်အတွက် ထိုက်စေလော့။

သီကိုရှင်း


ထုတ်ဝေခွင့်အမှတ်
၀၁၇၂၅

နာယက
ဆရာတော် ပီတာလွီစ် ကျာခူ

အယ်ဒီတာချုပ်နှင့်ထုတ်ဝေသူ
ဖာသာရ် မာရီယာနို စိုးနိုင်

အယ်ဒီတာအဖွဲ့ဝင်များ
ဖာသာရ် ဂျိမ်းဘရန်ဂျာ၊ ဖာသာရ် စောလောရင်းစ်၊
ဖာသာရ် ဝီလျံစိုး၊ ဖာသာရ် ဩဂုတ်စတင်းရွှေ

ဒီဇိုင်းဖွဲ့စည်းပုံ
ဖါသာရ် စိုးနိုင် ၊ ရိုစ့်မေရီ

အတိုင်ပင်ခံများ
CBCM အထွေထွေအတွင်းရေးမှူး၊
ငြိမ်းချမ်းရေးနှင့် တရားမျှတရေးကော်မရှင်၊
ကက်သလစ်ရှေ့နေများအဖွဲ့။

ဖြန့်ချီရေးတာဝန်ခံများ
သာသနာ (၁၆)ခု နှင့် သူတော်စင်ဂိုဏ်းများမှ
လူထုဆက်သွယ်ရေးတာဝန်ခံများ

ပုံနှိပ်တိုက်
စိန်ဖေးဗီးယားပုံနှိပ်တိုက် (၀၀၂၆၂)
အမှတ်(၂၇)ဖဆပလရပ်ကွက်၊ ဂျိုးဖြူလမ်း
မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်။

ငွေလွှဲရန်
ရိုးမဘဏ်နှင့် ကမ္ဘောဇဘဏ် မြေနီကုန်း၊ ရန်ကုန်။
နော်မြတ်နှင်းထွေး (၁၄/ဟသတ(နိုင်)၂၄၆၀၉၅

ဆက်သွယ်ရန်
CBCM Herald သတင်းစာရုံးခန်း
မြန်မာနိုင်ငံကက်သလစ်ဆရာတော်ကြီးများကျောင်း
၂၉၂(က)၊ ပြည်လမ်း၊ စမ်းချောင်း၊ ရန်ကုန်
ဖုန်း ၀၁ ၅၂၅၈၀၈ (ရုံးဖွင့်ချိန်များသာ)
cbcmosc@gmail.com

# ကောင်းကင်ဘုံ၌မေတ္တာ နောက်ဆုံးအပိုင်း

သီကိုရှင်း



ဒီတစ်ပတ်မှာတော့ ကောင်းကင်ဘုံ၌ မေတ္တာရဲ့ သတ္တမမြောက်စကားလုံးဖြစ်တဲ့ ဆုတောင်းခြင်းအကြောင်းကိုထောက်ရှုသွားကြမယ်။ အဲ့ဒါကတော့ "နှောက်ယှက်ခြင်းအမှုတို့၌ တပည့်တော်တို့အား ပါဝင်ခြင်းမရှိစေပါနှင့်" ဆိုတဲ့ ဆုတောင်းချက်လေးပဲ ဖြစ်ပါတယ်။ ဒီသဘောတရားအရဆိုရင်တော့ ကောင်းကင်ဘုံ၌ မေတ္တာကို ဆိုတဲ့သူဟာစုံစမ်းနှောင့်ယှက်ခြင်းခံရတဲ့အခါ ပစ်ပယ်မထားဖို့ ဆုတောင်းရုံတင်မက အပြစ်မကောင်းမှုထဲမှလည်း ဖယ်ရှာပေးဖို့ ဆုတောင်းတာကိုတွေ့ရပါတယ်။ မူရင်းစကားဖြစ်တဲ့ ဂရိဘာသာစကားနဲ့ ဆိုရင်တော့ ပိုပြီးအစွမ်းကြီးလှပါတယ်။ ကျွန်ုပ်တို့ကိုဖမ်းဆုပ် ဝါးမြိုဖို့ သွေးဆောင်တတ်တဲ့ နတ်ဆိုးရဲ့ လှည့်ကွက် ကျော့ကွင်းထဲကနေလွတ်မြောက်ဖို့ ဘုရားရဲ့ အကူညီကို တောင်းခံတယ်။ နတ်ဆိုးဟာ ခြင်္သေ့တစ်ကောင်လိုသတ်ဖြတ်ဖို့ အမြဲတမ်း ခြိမ်းခြောက်မြည်ဟီးနေတယ်။ အဲ့ဒီ ခြင်္သေ့အန္တရယ်ကနေကယ်မဖို့ ဘုရားကိုအော်ဟစ်တောင်းခံကြတာမျိုးပါ။

"စွန့်ပစ်မထားပါနဲ့" "လွတ်ကင်းချမ်းသာပေးပါ" ဆိုတဲ့ တောင်းလျှောက်သံ နှစ်ချက်ဟာခရစ်ယာန်ဆုတောင်းမေတ္တာတွေရဲ့ ဝိသေသ အမှတ်လက္ခဏာတွေလို့ ဆိုနိုင်ပါတယ်။ သခင်ယေရှုက ခမည်းတော်ဘုရားကို ဦးစွာဖိတ်ခေါ်ရမယ့်အကြောင်းကို သွန်သင်ခဲ့တယ်။ ဒါပေမဲ့ မကောင်းမှု နတ်ဆိုးရဲ့ ခြိမ်းခြောက်မှုအောက်မှာ ရောက်နေပြီဆိုရင် ဘုရားသခင်ရဲ့ ကူညီခြင်းကို ဖိတ်ခေါ်တောင်းလျှောက်ဖို့ကိုလည်း မိန့်မှာထားခဲ့ပါတယ်။ တကယ်တော့ ခရစ်ယာန်ဆုတောင်းမေတ္တာဟာ နေ့စဉ်လူ့ဘဝတွေကို မျက်ကွယ်ပြုခိုင်းတာမဟုတ်ပါဘူး။ ကလေးဆန်တဲ့ ဆုတောင်းခြင်းမျိုးမဟုတ်ဘဲသား တစ်ယောက်ကနေ ဖခင်ထံတောင်းလျှောက်တဲ့ မေတ္တာပဲ ဖြစ်ပါတယ်။ ဘုရားရှိတာပဲ၊ ဘုရားကကူညီနေမှာဆိုပြီး လူ့ဘဝခရီးကြမ်းကြီးရဲ့ ခက်ခဲဒုက္ခ စိန်ခေါ်သံတွေကိုလည်းမေ့ထားလို့ မရသေးပြန်ဘူး။ ကောင်းကင်ဘုံ၌ မေတ္တာမှာ နောက်ဆုံးမှာ ဒီစာသားသာမပါခဲ့ဘူးဆိုရင်တော့ အပြစ်သားတွေ၊ ညှင်းပမ်းနှိပ်စက်ခံလူသားတွေ၊ သေအံ့ဆဲဆဲ လူတွေဘယ်လိုဆုတောင်းကြတော့မှာလဲ။ ကျွန်ုပ်တို့ရဲ့ မတတ်နိုင်ခြင်း အကန့်သတ်ရှိခြင်းတွေကို သတိရမှာသာလျှင် ဘုရားရဲ့ အကူညီကိုလည်းတောင်းခံရဲမှာ ဖြစ်ပါတယ်။

ဘဝမှာ ရှောင်လွှဲလို့ မရနိုင်တဲ့ မကောင်းမှုဒုက္ခတွေဆိုတာရှိတယ်။ ဘဝဆိုတာ တခါတလေအကျိုးမဲ့စွန့်စားရခြင်းပါလို့ သမိုင်းစာအုပ်တွေကပြောပြထားပါတယ်။ ဘုရားရဲ့ အလုပ်မဟုတ်ဘဲသူ့ဟာသူရှိနေတဲ့ နက်နဲလှတဲ့ မကောင်းဒုစရိုက်တွေလည်းရှိနေပါတယ်။ တိတ်တဆိတ်နဲ့ မကောင်းမှုတွေကို မီးမွှေးပေးနေတတ်တယ်။ မြွေတစ်ကောင်လို သူ့ထဲကအဆိပ်တွေကိုမသိမသာပျံ့နှံ့စေတာမျိုး။ တခါတလေကျ မမြင်မတွေ့ ပျောက်ကွယ်နေတတ်သလို၊ တခါတရံကျပြန်တော့လည်း ဘုရားရဲ့ ကရုဏာမေတ္တာထက်မကောင်းဒုစရိုက်ကပိုပြီးနေရာလုနေတတ်တယ်။

တစ်ခုသိထားရမှာကဆုတောင်းတတ်တဲ့သူကမျက်ကန်းမဟုတ်ပါဘူး။ သူတို့ရှေ့မှာ ဖြစ်တည်နေတဲ့ အပြစ်ဒုစရိုက်တွေကိုထင်ထင်ရှားရှားသိမြင်တယ်။ လှည့်စားတတ်တယ်ဆိုတာကိုလည်းသဘောပေါက်တယ်။ လူ့သမိုင်းမှာစုံစမ်းနှောက်ယှက်ခြင်းနဲ့ကင်းတဲ့သူဆိုတာတစ်ယောက်မှမရှိဖူးဘူး။ ခရစ်တော်တောင် ကြုံခဲ့ရသေးတာပဲ။ ကျွန်ုပ်တို့လည်းစုံစမ်းခံရမှာအသေချာပေါ့။ စုံစမ်းနှောင့်ယှက်တဲ့သူကကျွန်ုပ်တို့ကိုအပြစ်ဒုစရိုက်ထဲရောက်အောင် စွဲဆောင်တွန်းပို့တယ်။ "လုပ်ကြည့်လေ၊ တွေးကြည့်စမ်းပါ၊ အဲ့ဒီအတိုင်းသာလျှောက်"ဆိုပြီးတိုးတိုးလေးကပ်ပြောနေဦးမှာပါ။

နောက်ဆုံးစကားလုံးဖြစ်တဲ့ "မကောင်းဟူသမျှမှကင်းလွတ်စေပါ" ဆိုတဲ့စကားကတော့ နတ်ဆိုးရဲ့ သွေးဆောင်မှု မကောင်းဒုစရိုက် အားလုံးမှ ကင်းလွတ်စေဖို့ ဆုတောင်းလိုက်တယ်။ လူတွေရဲ့ ဝမ်းနည်းခြင်း၊ အပြစ်မဲ့ ဝေဒနာခံစားရခြင်း၊ ကျွန်ပြုနှိပ်စက်ခံရခြင်း၊ ဖြူစင်သောကလေးများရဲ့ မျက်ရည်များအားလုံးကိုဖြေသိမ့်ကုစားပေးဖို့ တောင်းလျှောက်တဲ့အသံက လူ့နှလုံးသားထဲကနေ ထွက်ပေါ်လာပြီးယေရှုဘုရားသင်ပေးတဲ့ မေတ္တာရဲ့ နောက်ဆုံးတောင်းလျှောက်စကားဖြစ်နေတယ်။ မကောင်းဟူသမျှမှ ကင်းလွတ်စေဖို့ ဆုတောင်းတာဟာ ကျွန်ုပ်တို့ရဲ့ မျှော်လင့်ခြင်းပါပဲ။

အချုပ်အနေနဲ့ ကောင်းကင်ဘုံ၌ မေတ္တာဟာဘုရားသခင်ကိုအဖလို့ ခေါ်တရဲတဲ့ ခွန်အားသတ္တိကနေထွက်ပေါ်လာပါတယ်။ ဘုရားက ကျွန်ုပ်တို့ရဲ့ဖခင်။ ဖခင်ဆိုပေမဲ့ အဖေလို့ခေါ်ဖို့ သတ္တိလိုတယ်။ ဒီမေတ္တာဟာဖော်မြူလာတစ်ခုကိုရွတ်ဆိုနေတာမဟုတ်ဘူး။ ဘုရားနဲ့လူဟာအဖေနဲ့သားသမီးတွေလိုမျိုး ကျေးဇူးတော်အားဖြင့် ရင်းနီးခွင့်ရတဲ့ ဆုတောင်းမေတ္တာ ဖြစ်ပါတယ်။ ဒါကို ခရစ်တော်ဘုရားကထုတ်ဖော်ပြသပေးတယ်။ ဘုရားနဲ့လည်း ရင်းနီးအောင်ပို့ဆောင်ပေးခဲ့တယ်။ အဖဆိုတဲ့ စကားလုံးကိုယေရှုဘုရားကပုံစံအမျိုးမျိုးခံစားချက် အမျိုးမျိုးနဲ့ သွန်သင်ပြခဲ့တယ်။ ဂျက်ဆေမာနေ ဥယျာဉ်ထဲမှာ ဆုတောင်းတော့ တစ်မျိုး။ သောကအမှောင်ထဲမှာဖခင်ရဲ့ နာမည်ကိုယုံကြည်အားကိုးစွာခေါ်တခဲ့တယ်။ ကြောက်စိတ်၊ အထီးကျန်ခြင်းတွေကြားမှာဘုရားရဲ့ အလိုတော်တိုင်းဖြစ်ပါစေလို့ ဆုတောင်းခဲ့ပါတယ်။ နောက်တစ်နေရာကျ ဆုတောင်းခြင်းကိုထပ်ခါထပ်ခါပြုလုပ်ဖို့၊ အချင်းချင်းမပြေလည်မှုတွေကြားမှာညှိနှိုင်းကြဖို့မှာကြားထားတယ်။ သူတစ်ပါးရဲ့ အပြစ်ကိုသင် ခွင့်လွှတ်မယ်ဆိုရင် ကောင်းကင်ဘုံ၌ရှိတဲ့ အဖဘုရားကလည်းသင့်အပြစ်တွေကို ခွင့်လွှတ်ပေးတော်မူလိမ့်မယ်လို့ ဆိုထားပြန်တယ်။

အဖလို့ ခေါ်တဆုတောင်းခြင်းတွေကို ဓမ္မသစ်ကျမ်း စာထဲမှာတော်တော်များများတွေ့ရပါတယ်။ ခရစ်ယာန်တိုင်းက ဘုရားကိုအဖလို့ ခေါ်ပြီးဘယ်အခြေအနေမှာမဆိုဆုတောင်းလို့ရပါတယ်။ အဖဘုရားသခင်ဆီမှာလူသားထုညီအစ်ကိုမောင်နှမတွေအတွက် ဆုတောင်းပေးရအောင်။ ကောင်းကင်ဘုံ၌ မေတ္တာအကြောင်း သွန်သင်ခြင်းအဆုံးသတ်လေးမှာ ဒီလိုဆုတောင်းကြရအောင်။ "ကောင်းကင်နှင့်ကမ္ဘာမြေကြီးကို အစိုးရသောအဖဘုရားသခင်၊ ကိုယ်တော်သည် ဒီအကြောင်းရာများကိုပညာရှိသူတို့အား ဝှက်ကွယ်ထားတော်မူပြီး၊ အစွမ်းမဲ့သူကလေးသူငယ်များအားထုတ်ဖော်ပြသတော်မူသည့်အတွက် ကျေးဇူးတင်ပါ၏"၊ အာမင် ။

(၂၀၁၉၊ မေလ ၁၇ ရက်နှင့် ၂၂ ရက်)

သီကိုရှင်း



ဇူလိုင်လတွင် ကျရောက်မည့် မိဘများ ပွဲနေ့တွင်
ကျေးဇူးရှင်မိဘများအား
ကျေးဇူးတင် ဂုဏ်ပြုပွဲများကျင်းပရင်း
မိဘတို့၏ ကြီးမားသော ပေးဆပ်ခြင်းကို
အသိအမှတ်ပြုကာ ဂါရဝတရားဖြင့်
မိဘတို့အား နေ့စဉ်နေ့တိုင်း
ကျေးဇူးဆပ်သော သားသမီး ဖြစ်နိုင်ကြပါစေ။

# အမိမယ်တော်ကဲ့သို့ သင်တို့၏ ဘဝကို ဆက်လျှောက်ပါ ဟု ရဟန်းမင်းကြီး ဖရန်စစ်က သီလရှင်များအား တိုက်တွန်း

ဘာသာတူတို့ အမြင်၌ သူတော်စင်လမ်းသည် ပူလောင်သော အသက်တာကို စွန့်လွှတ်ထားသောကြောင့် ငြိမ်းအေးသော လမ်းဟုမှတ်ထင်ကြသည်။ ငြိမ်းအေးသောလမ်းဆိုသည်မှာ မှန်သော်လည်း ပူလောင်မှုမရှိခြင်း တော့မဟုတ်။ ထိုပူလောင်မှုကို တရားဆေးဖြင့်ဖြေ၍ ငြိမ်းသတ်၍သာ အေးချမ်းရခြင်းဖြစ်သည်။ လူတစ်ကိုယ် အပူတစ်မျိုးရှိကြသည်။ အမည်ဖော်၍ ရသောအပူနှင့် အမည်တပ်မရသောအပူသာကွာပါသည်။

ထိုသို့ ရုန်းကန်နေရသည့် အချိန်မျိုး၌ မိမိတို့အားကိုးယုံကြည်ရ၊ ကြည်ညိုလေးစားရသော ပုဂ္ဂိုလ် တစ်ဦးဦးထံမှ အားပေးစကား ကြားလိုက်ရလျှင် အလွန်ပင်အားတက်ရပါသည်။ ရဟန်းမင်းကြီးဖရန်စစ်သည် သာမန် ဘာသာတူများကိုလည်း လိုအပ်လျှင် အရေးတယူပြု၍ ဖုန်းဆက် အားပေးခြင်း၊ ဆုတောင်းပေးခြင်းများကိုပြုလုပ်တတ်သည်။

ယခုလည်း အမိမယ်တော်ကဲ့သို့ သင်တို့၏ဘဝကို ဆက်သာလျှောက်ပါဟု ရဟန်းမင်းကြီး ဖရန်စစ်သည်၊ (၁၂) ကြိမ်မြောက် အထွေထွေ အစည်းအဝေးသို့ တက်ရောက်လာသော၊ သိမ်မွေ့သောလမ်းစဉ်ဖြင့်သာ သနာပြုနေသော ကရုဏာရေး သီလရှင်အသင်းဝင်များနှင့် တွေ့ဆုံစဉ်၌



ယခုကဲ့သို့ အားပေး တိုက်တွန်းခဲ့သည်။ ထိုသီလရှင်အသင်းကို "Don Orione"ဘုန်းတော်ကြီး အိုရီယွန်နဲ၏ သီလရှင်များ ဟုလည်း အီတလီနိုင်ငံတွင် လူသိများကြပါသည်။ အဘယ်ကြောင့်ဆိုသော် ဘုန်းတော်ကြီးအိုရီယွန်နဲက တည်ထောင်ပေးခဲ့သောကြောင့်ဖြစ်ပါသည်။

အဆိုပါသီလရှင်အသီး၏သင်းလုံးကျွတ်အစည်းအဝေးကို၊ ရောမမြို့ရှိ၊ ၎င်းတို့၏ မိခင်ဌာနချုပ်တွင် ကျင်းပခဲ့သည်။ ဤအစည်းအဝေးကြီး၏ ခေါင်းစဉ်မှာ 'ဘုရားသခင်အားလည်းကောင်း၊ မိမိနှင့်နီးစပ်သူများအားလည်းကောင်း၊ မိမိကိုယ်ကိုလုံးဝဥသုန်ပေးဆက်ရန်၊ သာသနာပြုတပည့်တော်များဖြစ်ရန်၊ ဆင်ခြေဖုံးအရပ်များ၌ ကရုဏာရေးလုပ်ငန်းများကို သိမ်မွေ့စွာလုပ်ဆောင်ရင်း ပျော်ရွှင်စွာ သက်သေခံကြရန်' ဖြစ်ပါသည်။

ရဟန်းမင်းကြီးဖရန်စစ်မှ သီလရှင်များအားပြုခဲ့သော မှတ်ချက်၌ ရဲရင့်၍၊သတ္တိဗျတ္တိရှိကြရန်၊ သနားခြင်း၏ ပရောဖက်များဖြစ်ကြရန် (သနားခြင်းကို ကြေငြာသူများ)၊ သန့်ရှင်းသော ဝိညာဉ်တော်၏ ဦးဆောင်မှုကိုခံယူသော၊ မည်သည့်အနှောင်အဖွဲ့ ချည်တုတ်ခြင်းကို မခံရန်ကိုလည်း တိုက်တွန်းခဲ့ပါသည်။

အမြတ်ကြီးစားသော သူဌေးများသည် သွေးစုပ်သောမျှော့နှင့် တူကြောင်း ရဟန်းမင်းကြီးဖရန်စစ်မိန့်ကြား

လောဘစိတ်သည် လူတိုင်း၌ ရှိသော စိတ်ခံစားချက်ဖြစ်ပါသည်။ နည်းခြင်း၊ များခြင်းသာ ကွာမည်ဖြစ်ပါသည်။ လောကစိတ်နှင့်ပတ်သက်၍ ဘုရားသခင်၏ပညတ်တော် ဆယ်ပါးတွင်လည်း ပါရှိပါသည်။ အဘယ်ကြောင့်ဆိုသော် ခမ္ဘပောင်းကာလကပင် ရှိနေခဲ့သော စိတ်ထားဖြစ်သည်။ မတော်လောဘ တက်၍ သော်လည်းကောင်း၊ လုပ်များများနှင့် လုပ်ခ နည်းနည်းဖြင့်စီးပွားရှာကာကျိကျိတက် ချမ်းသာနေသောသူများသည် အပြစ်ကြီးကို ကျူးလွန်သူများဖြစ်ကြောင်း၊ ၎င်းတို့သည် အလုပ်သမားတို့၏လုပ်အားကို မတရားရယူနေသော ကြောင့်၊ သွေးစုပ်ယူ စားသောက်သောမျှော့များနှင့် တူကြောင်း၊ ဥစ္စာကို အလွန်အကျွံ စွဲမက်ခြင်းသည်၊ ယေရှုးသခင်၏ နောက်သို့ လွတ်လပ်စွာလိုက်လျှောက်သောခြေလှမ်းကို ခြေကျင်းခတ်သည်သို့ နှယ် ဖြစ်သွားရကြောင်း မေလ (၁၉) ရက်နေ့နံနက် မစ္ဆားတရားအတွင်း၌ရဟန်းမင်းကြီးဖရန်စစ် မိန့်ကြားခဲ့ပါသည်။

ဖိုးစပ်စု

# ဘုံအိမ်ကမ္ဘာကြီးကို ကာကွယ်စောင့်ရှောက်ရန် စိတ်ထားပြောင်းလဲဖို့ လိုအပ်ဟု ရဟန်းမင်းကြီးဖရန်စစ် ပြောကြား

ကမ္ဘာလုံးဆိုင်ရာ သဘာဝပတ်ဝန်းကျင်းထိန်းသိမ်းရေးအဖွဲ့က ပြုလုပ်ကျင်းပတဲ့ ညီလာခံမှာ ရဟန်းမင်းကြီးဖရန်စစ်က ပြောကြားလိုက်တာဖြစ်ပါတယ်။

ယခုနှစ် အဲဒီအဖွဲ့က သူတို့ရဲ့ နိုင်ငံတကာညီလာခံ အစည်းအဝေးကြီးမှာတော့ ရဟန်းမင်းကြီး ဖရန်စစ်ရေးသားတဲ့ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းဖို့ နှိုးဆော်သော (Laudato si) စာချွန်တော်အပေါ် သုံးသပ်ဆွေးနွေးဖို့ရွေးချယ်လိုက်ကြတယ်။

ဒီစာချွန် ထုတ်ပြီးနောက် လွန်ခဲ့တဲ့ ၄ နှစ်လောက် နောက်ပိုင်း ကျွန်ုပ်တို့ ဘုံအိမ်ကမ္ဘာမြေကို ထိန်းသိမ်းစောင့်ရှောက်ဖို့လိုအပ်လာတာကို ပိုသတိထားမိ လာကြပါပြီလို့ ရဟန်းမင်းကြီးဖရန်စစ်က မှတ်ချက်ချပါတယ်။

ကမ္ဘာ့ကုလသမဂ္ဂ (Un Sustainable Development Goals) အဖွဲ့ကနေလည်း ဘုံအိမ်ကြီးအတွက် ဝိုင်းဝန်းမှန်းထားကြိုးပမ်းနေပါတယ်။

ဒါပေမယ့် စိန်ခေါ်နေတဲ့အခက်အခဲတွေရှိနေဆဲပါ။ သဘာဝ သယံဇာတတွေကို မဆင်မခြင်ထုတ်သုံးတာ၊ လူတို့ရဲ့အတောမသတ်နိုင်တဲ့ လောဘကြီးမှု၊ အလွန်အကျွံသုံးစွဲမှုနဲ့ ဖြုန်းတီးမှု စတာတွေပေါ့။

ဒီလို သိပ်ကျယ်ပြန့်ကြီးမားတဲ့စိန်ခေါ်မှုအခက်အခဲတွေ ထိပ်တိုက် ကြုံနေရတာက စိတ်အားလျော့ချင်စရာပဲ၊ မသေချာမရေရာမှုတွေကြောင့် အရှုံးပေးချင်စရာပါပဲ။ ဒါပေမယ့် လူသားဆိုတဲ့ သတ္တဝါကအဆိုးဆုံးတွေကိုဖြစ်စေအောင်လုပ်နိုင်ကြသလိုပဲ လက်ရှိ အဖြစ်အခြေအနေဆိုးကနေ ရုန်းထပြီးကောင်းတဲ့ဖက် ပြန်လည်ရွေးချယ်စတင်နိုင်စွမ်းလည်းရှိသူတွေဖြစ်ပါတယ်။

ဘာပဲပြောပြောဘုံအိမ်ကမ္ဘာကြီးရဲ့ လက်ရှိပြသနာတွေကို ထိရောက်အောင်ကိုင်တွယ်တဲ့နေရာမှာ အပေါ်ယံ ပေါ့ပေါ့လေးနဲ့တော့မဖြစ်ဘူး စိတ်ဓါတ်ရော၊ နှလုံးသားတွေပါ ပြောင်းလဲပစ်ဖို့လိုတာပါ။

"ကွဲပြားမှုထက် စည်းလုံးမှု၊ ဖယ်ထုတ်မှုထက် လက်ခံမှု" ဆိုတဲ့သဘောကို ကျင့်သုံးဖို့ ရည်မှန်းကြစို့။

ဒါဟာ အနာဂတ်အတွက် တိုးတက်ကောင်းမွန်တဲ့ စံပြကမ္ဘာအဖြစ်ပြောင်းလဲနိုင်စေလိမ့်မယ်။

ဒီလိုတွေ လုပ်ဆောင်ဖို့ရာမှာ အဟန့်အတားတွေ ရှိနေတယ်လို့ ထင်နေရပေမယ့် မျှော်လင့်ချက်ကိုလက်မလွှတ်ကြပါနဲ့လို့အားပေးချင်တယ်။ဘာကြောင့်လဲဆိုတော့ ဒီကောင်းသောမျှော်လင့်ချက်ဟာဖြင့် အဘဘုရားရဲ့ သနားကရုဏာနဲ့ ချစ်ခြင်းပေါ်မှာ အားကိုးမှီခိုထားကြလို့ပါ။





Vatican News

ဘာသာပြန်: စစ္စတာဒဲနစ်ဂျာတောင် (SJA)

CBCM-OSC

# မှားယွင်းမှုများအတွက် အခွင့်လွှတ်မှုကို တောင်းခံသော ထုံးတမ်းအစဉ်အလာ ပြုသည့် ရဟန်းမင်းကြီးများ



ပုပ်ရဟန်းမင်းကြီးများသည် ကက်သလစ်သာသနာတော်၏ သိုးကြီး၊ သိုးငယ်တို့မှ ထိခိုက်နစ်နာစေခဲ့သော အရာများအတွက် ဝန်ခံကာ၊ အခွင့်တောင်းပန်မှုပြုသည့် အစဉ်အလာရှိပေသည်။

၁၉၆၅ ခုနှစ်တွင် ရဟန်းမင်းကြီး ဆဌမမြောက် ပေါလ်မှ Pomezia ရှိ ရိုမေးနီးယား လူမျိုးစုများ၏ ဒုက္ခသည်စခန်းတွင် မွန်တရား ဟောကြားပေးချိန်၌ လွန်ခဲ့သောအချိန် ကာလများက ရိုမေးနီးယားလူမျိုးများခံစားခဲ့ရစေသော ဆိုးကျိုး အမျိုးမျိုးအတွက် တောင်းပန်ရင်း၊ စာနာစွာအားပေးစကား ပြောကြားခဲ့သည့်အပြင် အတိတ်သမိုင်း တစ်လျှောက် မှားယွင်းခဲ့သောလုပ်ရပ်များအတွက် ခရစ်ယာန်ဆန်သည့် ဝန်ချတောင်းပန်မှုကို ပြုလုပ်ရန် စတင်ခဲ့သူဖြစ်သည်။

ရဟန်းမင်းကြီး ဒုတိယမြောက် ယောဟန်ပေါလူးမှ ခရစ်နှစ် ၂၀၀၀ တွင် ခရစ်ယာန်တို့၏ ထောင်လွှားမှု၊ မုန်းတီးစိတ်၊ လွှမ်းမိုးလိုစိတ်၊ အခြားသော ဘာသာဝင်များပေါ်တွင်မလိုမုန်းထားရန်လိုမှု၊ လူ့အဖွဲ့အစည်းတွင် အားနည်း၊ သိမ်ငယ်ဆုံးသူများအပေါ်တွင် လျစ်လျူရှုမှု စသည်တို့အတွက် ဝန်ချတောင်းပန်ခြင်းနှင့် မိမိတို့ ထိခိုက်စော်ကား ခံရမှုများအတွက်လည်း အခွင့်ကြည်လွှတ်ခြင်း အစဉ်အလာကို ဆက်လက်ပြုလုပ်ခဲ့သည်။

ပုပ်ရဟန်းမင်းကြီး ဘယ်နဒစ် ၁၆ လက်ထက်တွင်လည်း ရိုမေးနီးယားနိုင်ငံမှ လူမျိုးနွယ်အမျိုးမျိုးနှင့် ခြေသလုံးအိမ်တိုင်သမားများအား လက်ခံတွေ့ဆုံစဉ် "သင်တို့ဟာ သူတစ်ပါးရဲ့ ရန်လိုတဲ့၊ ညှဉ်းပမ်းနိုပ်စက်တဲ့ ခါးသီးမှုတွေကို ရာစုနှစ်တစ်လျှောက်ခံစားခဲ့ကြရတာကို စိတ်ထိခိုက်စွာနဲ့ မမေ့ပါဘူး။ နောင်မှာ သင်တို့လူမျိုးစုများအပေါ် အရှက်တကွဲဖြစ်ရ၊ ပစ်ပယ်ခံရ၊ အထင်မြင်သေးခံရ တာတွေနဲ့ဝေး ပါစေ"ဟု ပြောဆိုကာ သူ၏နားလည်စာနာမှုကိုဖော်ပြခဲ့သည်။

ယခု ရဟန်းမင်းကြီးဖရန်စစ် သည်လည်း ရှေ့ရဟန်းမင်းကြီးများ အစဉ်အလာ ခြေရာ လိုက်ကာ ကက်သလစ်အသင်းတော်ကြီးကိုယ်စား အခွင့်လွှတ်မှုကို တောင်းခံခဲ့သူဖြစ်သည်။ သူ၏စာချွန်တော်တစ်ခုတွင် "အသင်းတော် ခေါင်းဆောင်များအနေနှင့် ရပ်တည်သင့်သည်အတိုင်း မရပ်တည်ခဲ့၊ ရှိသင့်သည်အတိုင်း မရှိခဲ့မှုများ၊ လုပ်ဆောင်သင့်သည်များကို အချိန်မီ မလုပ်ဆောင်ပေးနိုင်ခဲ့မှုများကြောင့် လူပေါင်းများစွာတို့၏ဘဝကို ထိခိုက်နစ်နာစေခြင်း၊ ဆုံးရှုံးမှုဖြစ်စေခြင်း၊ မကောင်းပုံသက်သေဖြစ်စေခဲ့ခြင်းများအတွက် ဝမ်းနည်းရှက်ရွံ့မှု၊ နောင်တယူမှုဖြင့် အခွင့်တောင်းပန်အပ်ပါသည်" ဟု ဖော်ပြခဲ့သည်။

Vatican News

ဘာသာပြန်: စစ္စတာဒဲနစ်ဂျာတောင် (SJA)

CBCM-OSC

# ၂၀၂၀ ခုနှစ်တွင် အီရတ်နိုင်ငံသို့ သွားရောက် ရန် ဆန္ဒရှိဟု ရဟန်းမင်းကြီးဖရန်စစ် ပြောကြား



အရှေ့တိုင်းအသင်းတော်များအား ကူညီ ထောက်ပံ့ရေး အသင်း Reunion of Aid Agencies for the Oriental Churches (ROACO) နှင့်တွေ့ဆုံခဲ့သော ဇွန်လ ၁၀ ရက်နေ့တွင် ပုပ်ရဟန်း မင်းကြီးက သူ၏ဆန္ဒကို ထုတ်ဖော်ပြောဆိုခဲ့ခြင်းဖြစ်သည်။

ထိုအဖွဲ့အစည်းသည် အရှေ့အလယ်ပိုင်းဒေသ၊ အစ္စရေးနှင့် ယူကရိန်းနိုင်ငံများရှိ အသင်းတော်အား ကူညီစောင့်ရှောက်လျက်ရှိသည်။

အီရတ်နိုင်ငံရှိ ခရစ်ယာန်များသည် အိုက်အက်စ်တို့ တန်ခိုး ကြီးထွားလာသည့်အချိန်မှစကာ နည်းလမ်းမျိုးစုံနှင့် ရက်စက်စွာ နှိပ်စက် ခံနေခဲ့ရပြီး ထွက်ပြေးခဲ့ကြရသည်။ ကက်သလစ်ဘာသာဝင် အနည်းငယ်သာ ကျန်ရှိတော့သည်။

တဆက်တည်းမှာပင် ပုပ်ရဟန်းမင်းကြီးက ယူကရိန်း နိုင်ငံအတွက်လည်း မုဒိတာ စကားဆိုခဲ့သည်။ နိုင်ငံသူနိုင်ငံသားတို့သည် ငြိမ်းချမ်းရေးကို ပြန်လည် တွေ့ရှိကြပါစေကြောင်း ဆန္ဒပြုခဲ့သည်။ အဖွဲ့အစည်းများမှတဆင့် အတတ်နိုင်ဆုံး ကရုဏာရေး လုပ်ငန်းများအား လုပ်ဆောင်နေကြောင်းလည်း ထည့်သွင်းပြောကြားခဲ့သည်။

သန့်ရှင်းသောမြေဖြစ်သော အစ္စရေး အတွက်လည်း ခရစ်ယာန်အားလုံးတို့သည် အတူ လက်တွဲကာ တက်ညီလက်ညီဖြင့် ခရစ်တော်၏ သင်္ဂြိုင်းဂူ ဘုရားကျောင်း ပြုပြင်မွမ်းမံရေးကို လုပ်ကိုင်နေကြမည်ဟု မျှော်လင့်ကြောင်း ပြောကြားခဲ့သည်။

သန့်ရှင်းသော မြေပေါ်တွင် မှီတင်းနေထိုင်သူတို့သည် ငြိမ်းချမ်းခြင်းဖြင့် လက်တွဲနေနိုင်ကြပါစေကြောင်း လည်း ဆုတောင်းပေးခဲ့သည်။

# အီတလီနိုင်ငံမှအမွှာညီအစ်ကိုတစ်ရက်တည်း၊ တစ်ချိန်တည်းတွင်ရဟန်းသိက္ခာခံယူခဲ့

ဘုရားအမှုတော်ဆောင် မိသားစုများကိုဂုဏ်ပြုမှတ်တမ်းလွှာပေးခဲ့ မြန်မာနိုင်ငံသို့ အမိကက်သလစ် သာသနာတော်ကြီး ရောက်ရှိခဲ့ခြင်းနှစ် (၅၀၀) ပြည့်မင်္ဂလာဂျူဘီလီနှစ်၌ ကာဒီနယ်ချားစ်ဘို (ယခင်ဂိုဏ်းချုပ်) ကမိသားစုတစ်စုအတွင်းမှမောင်နှမအရင်းသုံးဦးနှင့်အထက် ဘုရားကိုဆက်ကပ်ထားသော မိသားစုအား အမှတ်တရဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်ခဲ့ဖူးသည်ကို အမှတ်ရနေမိပါသည်။ မိသားစု ဘယ်နှစ်စုရှိခဲ့သည်ကိုမူ မှတ်တမ်း ပြုထားကောင်းပြုထားမည်ဖြစ်သော်လည်း စာရေးသူမမှတ်ထားခဲ့မိ၍ တိကျသော အချက်အလက်ကိုမူမတင်ပြနိုင်။

သို့သော် မိသားစု နှစ်ဆယ်စုမကရှိ မည်ဟု ယုံကြည်ပါသည်။ အချို့သောမိဘများသည် မိမိတို့ ကိုယ်တိုင် ဘာသာတရား ကိုင်းရှိုင်းကြသော်လည်း မိမိတို့၏သားသမီးများကိုမူ ဘုရားသခင်၏ အမှုတော်ဆောင်များအဖြစ် ပူဇော်ရန် တွန့်ဆုတ်ကြသည်။တွန့်တိုကြသည်။ တွန့်ဆုတ်ရသည်မှာ မရက်ရော၍မဟုတ်။ သူတော်စင်ဘဝကို ခံယူပြီးနောက် ရတက်မအေးရသောအကြောင်းကြောင်း အရာရာများကြော၍ မိသားစု၏ဂုဏ်သိက္ခာကို မထိပါး၊ မပွန်းပဲ့၊ မပြိုးနွမ်းစေလိုကြပေ။ ထိုင်နေလျင် အကောင်း၊ ထသွားမှ ကျိုးမှန်းသိသည်ဟု ဆိုသည့်အတိုင်း သာမန်ခရစ်ယာန် တစ်ဦးအနေဖြင့် အတတ်နိုင်ဆုံး ဆက်ကပ်ခြင်းကားပို၍ ကောင်းသည်ဟု ခံယူကြသည်။ တွန့်တိုသူများမှာ အပြင်၌နေ၍ ပညာများကိုသင်ကြားကာ ဝင်ငွေကောင်းသော အလုပ်အကိုင်များကို လုပ်ကိုင်စေမည်။ မိသားစုကို ပြန်လည် စောင့်ရှောက်စေမည်။ အမျိုးဂုဏ်ကို ပြန်လည် ထိန်းသိမ်းစေမည် စသောအတွေးများဖြင့်လည်း တွန့်တိုသော မိဘများရှိကြသည်။

### မှတ်သားဖွယ် သာသနာ့ဘောင် ကို ရှာသက်ပန် ဝင်ရောက်ခဲ့သောဘာသာစုံ ဂုဏ်ထူးရှင်သားလေး၏စကား

မည်သို့ပင်ဆိုစေ ဇွန်လ (၈) ရက်နေ့က မြန်မာတစ်နိုင်ငံလုံး အတိုင်းအတာနှင့် ထုတ်ပြန်ကြေငြာခဲ့သော (၂၀၁၈-၂၀၁၉) ပညာသင်နှစ်၏ တက္ကသိုလ်ဝင်တန်းစာမေးပွဲတွင် ဘာသာစုံ ဂုဏ်ထူးဖြင့်အောင်မြင်ခဲ့သော်လည်း ထိုသားငယ်လေးသည် လောကီပညာများကို လောဘကြီးစွာ တက်လှမ်း ရယူဦးမည်ဟု စိတ်ထဲ၌မပွား၊ လောကီပညာကို လက်ဆင့်ကမ်း သင်ကြားပေးမည့်သူများစွာရှိ၏။ လောကုတ္တရာပညာများကို လက်ဆင့်ကမ်း သင်ကြားပေးမည့်သူများ တဖြေးဖြေးနည်းပါး လာနေသည်။ ထို့ကြောင့် ရှာသက်ပန် ဘုရားသားတော်အဖြစ် ခံယူသွားမည်ဟု ဆုံးဖြတ်ထားကြောင်း တွေ့ဆုံမေးမြန်းခန်းတွင် ဖြေကြားသွားသည်မှာ သာဓုခေါ်ရပါသည်။ ၎င်းအပြင်တက္ကသိုလ်ဝင်တန်း စာမေးပွဲ၌ ဘာသာစုံ ဂုဏ်ထူးထွက်ခဲ့သော်လည်း ဘာသာရေး၌မူ မူကြိုမအောင်သေးကြောင်း၊ မူကြိုမှစ၍ တက်ရမည်ဖြစ်ကြောင်း တရားရဖွယ် ဖြေကြားသွားခဲ့ပါသည်။



### အခြေခံ ရဟန်းဖြစ်သင် ကျောင်းသို့ ဝင်ရောက်ခဲ့ခြင်း

ထို့အတူ ဂျားကိုမိုနှင့် ဒါးဗိဒ်ဒေ (Giacomo and Davide Screspi) တို့ ညီအစ်ကိုသည် သွားအ တူ၊ လာအတူ အမြဲအတူရှိသည်။ အဘယ်ကြောင့်ဆိုသော် ၎င်းတို့ ညီအစ်ကိုသည် အမွှာများဖြစ်ကြသည်။ ၎င်းတို့ ညီအစ်ကို သည်အခြားသော ဘဝတူ ဦးပဥ္စင်းသုံးပါး တို့နှင့်အတူ ရဟန်းသိက္ခာကို (၂၀၁၉၊ မေ လ၊ ၂၅) ရက်နေ့တွင် သာသနာပိုင် ဆရာတော် Gianfranco Agostino Gardin ထံမှ ခံယူခဲ့ကြသည်။

၎င်းတို့သည် အီတလီမြောက်ပိုင်း၊ ထရယ်ဗီးဆိုသာသနာမှဖြစ်သည်။ ဖာသာရ် ဂျားကိုမိုက ၎င်းတို့ ညီအစ်ကို (၁၁) နှစ်အရွယ် ငါးတန်းတက် ကျောင်းသားဘဝ၌ ဘုရားစကားတန်း တက်ရောက်ရင်း ထရက်ဗီးဆိုသာသနာ၏ ခေါ်တော်မူခြင်း ရရှိရန် လှုပ်ရှားသောအစီအစဉ် တစ်ခု၌ သွားရောက်ပါဝင်ခဲ့ ဖူးသည်။ သို့သော်ညီအစ်ကို နှစ်ဦးလုံး ရဟန်းဖြစ်ရန် စိတ်ကူးမရှိခဲ့ သေးပေ။ အဘယ်ကြောင့် ဆိုသော်၎င်းမျှလေး နက်သော ရည်မှန်းချက်မျိုးလည်း မထားတတ်သေးပေ။ သို့သောထို အစီအစဉ်၌ မပျက်မကွက် ပါဝင်ရင်း တစ်နှစ်ပြီးတစ်နှစ် ဖြတ်သန်းလာခဲ့ရာ ရဟန်းဘဝ ခေါ်တော်မူခြင်းလမ်းစဉ်ကို ဆက်လျှောက်မည်၊ မလျှောက်မည်ကို ပြတ်သားစွာဆုံးဖြတ် ချရတော့မည်ဖြစ်သည်။ ညီအစ်ကိုနှစ်ဦးသည် ဤ ခေါ်တော်မူခြင်း လမ်းစဉ်ကို အတူတကွ ခံယူလျှောက်လှမ်းခဲ့သော်လည်း ရှေ့ဆက်သွားခြင်း၊ မသွားခြင်းကိုမူ တစ်ဦးစီ၏ကိုယ်ပိုင်ဆုံးဖြတ်ချက်၊ ခံယူချက်သာ ဖြစ်သည်။ လွတ်လပ်စွာ ဆုံးဖြတ်ရွေးချယ်ခဲ့သည်။ ဖိအားပေးခြင်း၊ အတင်းတိုက်တွန်းခြင်းကို လုံးဝမပြုခဲ့ဟု Famiglia Cristiana မဂ္ဂဇင်းတိုက်၏ မေးမြန်းချက်ကို ပြန်လည်ဖြေကြားခဲ့သည်။ မိဘတို့၏ အားပေးအားမြှောက်ပြုခြင်း ၎င်းတို့ ယခုကဲ့သို့ မိမိတို့၏ကိုယ်ပိုင်ဆုံးဖြတ်ချက်များကို အဆုံးတိုင်အောင် လျှောက်လှမ်းနိုင်ရန်မှာ မိဘတို့ ၏ အားပေးအားမြှောက် ပြုခြင်းကိုလည်း မေ့ ထား၍မရပေ။ ၎င်းတို့၏ မိဘနှစ်ပါးမှာ အာညေးဇယ်နှင့် ဂျန်ပီရေးထရိုဖြစ်ပြီး၊ အစ်မများမှာ အိုင်ရင်းနှင့် မာရီးယာ ဖြစ်ကြသည်။

ရဟန်းဘဝကို တက်လှမ်းရန်ကြိုးစားနေခဲ့သောကာလ တစ်လျှောက်၌ ၎င်းတို့အနေဖြင့် ပံ့ပိုးသူများနှင့် သိုက်သိုက်ဝန်းဝန်းရှိခဲ့သည်ဟု ခံစားခဲ့ရကြောင်း၊ ၎င်းတို့ခံယူခဲ့သော ယုံကြည်ခြင်းနှင့်ထိုယုံကြည်ခြင်းကို ကျင့်ကြံ ရှင်သန်ပြခဲ့သည့်အတွက် ကျေးဇူးတင်ပါသည်။ ၎င်းတို့၏ ကောင်းသော ပုံသက်သေ ကောင်းများကြောင့် ယနေ့ ၎င်းတို့ အနေဖြင့်လည်း ဘုရားရှင်၏ ခေါ်သံကိုရဲဝံ့စွာ ထူးနိုင်ခဲ့ခြင်းဖြစ်သည်။

### မိဘတို့၏ရင်တွင်းစကား

မိသားစု၏ အထောက်အပံ့သည် အလွန်လက်တွေ့ကျခဲ့သည်။ ၎င်းတို့ တက်ရောက်နေသော ရဟန်းဖြစ် တက္ကသိုလ်သည် မိသားစု နေထိုင်သောမြို့နှင့် (၂၆) မိုင်ဝေးသောကြောင့်၊ မိသားစုအတွက်မှာမူ အလွန်ဝေးသည်ဟု ခံစားရပါသည်။ ၎င်းတို့ ထံ ပတ်စဉ် သွားရောက် လည်ပတ်နိုင်ရန် အတွက် ကားအသစ်တစ်စီးကို ပြောင်းလဲ ဝယ်ယူခဲ့ရသည်။ သို့မှသာ ရဟန်း တစ်ပါးဖြစ်လာရန် ပုံသွင်းရာတွင် မိဘများဖက်မှလည်း ပြည့်ပြည့်ဝဝ ပါဝင်နိုင်မည်။ တစ်နည်းဆိုသော် မိသားစု တစ်စုလုံး ရဟန်းဖြစ်သင်ကျောင်းသို့ ဝင်ရောက်၍ ပုံသွင်းခံသည့် သဘောမျိုးသက်ရောက် ပါသည်။ သို့မှသာ မိမိတို့သားများ၏လိုအပ်ချက်၊ အခက်ခဲ၊ အကူအညီများကို မှန်ကန် စွာအားပေးနိုင်၊ လက်တွဲခေါ် ဆောင်နိုင်မည် ဖြစ်သည်။

၎င်းတို့သည် ငယ်ငယ်ရွယ်ရွယ်နှင့် ခေါ်တော်မူခြင်းလမ်းစဉ်ကို လျှောက်လှမ်းရန် ရွေးချယ်ခဲ့သော်လည်း ၎င်းတို့သည် အထက်တန်းကျောင်း ပြီးဆုံးသည် အထိပုံမှန် လူငယ်များကဲ့သို့ ပညာသင်ကြားခဲ့သည်။ အထက်တန်းသို့ ရောက်သည်နှင့် ၎င်းတို့၏ အထူးပြု ဘာသာရပ်ကို ရွေးချယ်ရသည်ဖြစ်ရာ ဂျားကိုမိုသည် သိပ္ပံဘာသာရပ်ကိုလည်းကောင်း၊ ဒါဗိဒ်ဒေသည် လူထုဆက်သွယ်ရေး ဘာသာရပ်ကို လည်းကောင်း ရွေးချယ်ခဲ့ကြသည် ဟု ၎င်းတို့ ၏ဖခင်ဖြစ်သူက SIR news agency သတင်းဌာနသို့ ဖြေကြားခဲ့သည်။

### သိက္ခာတင်ပေးသော ဆရာတော်၏ ဩဝါဒ

ယနေ့ ရဟန်းသိက္ခာကို ခံယူသော ရဟန်းသစ်များသည် မိမိတို့ ခံယူသောဘဝ၌ ပျော်ရွှင်ကြမည့်ရဟန်းများ၊ ထူးခြားချွန်ထွက်သော ရဟန်းများ မဟုတ်ဘဲ သာမန်ရဟန်းတစ်ပါးအဖြစ်နှင့် ဘုရားအမှုတော်ကို ခံကြမည့် ရဟန်းများ ဖြစ်မည်ဟုယုံကြည်ကြောင်း၊ ဘဝ၏အခွင့် ရှည်သော ပျော်ရွှင်မှုကို ဖွေရှာခဲ့သကဲ့သို့ တွေ့ရှိခဲ့သည့်အပြင်၊ ပိုင်ဆိုင်ခွင့်လည်း ရခဲ့ပြီဖြစ်ကြောင်း၊ ဤတွေ့ရှိချက်ကား ယေဇူးသခင်နှင့် ရင်းနှီးပျော်ရွှင်စွာ သိကျွမ်းခွင့်ရသည့် အခွင့်အရေးပင်ဖြစ်သည်။

မိမိတို့၏ ကိုယ်စွမ်း ကိုယ်စများဖြင့် အစေခံခြင်း၊ ဘုရားသခင်၏ နှုတ်ကပါတ်တော်များကို ဟောကြား ရှင်သန်ခြင်းဖြင့် လူအများ ယေဇူးသခင်ကို သိရှိလာနိုင်ရန် ပေါင်းကူးပေးကြမည် ဖြစ်သည်။

### အမွှာ ရဟန်းညီအစ်ကိုတို့၏ ရင်တွင်းစကား

ထိုခေါ်တော်မူခြင်းလမ်းစဉ်၏အဆုံး၌ သခင့်ခေါ်သံကို ပြန်လည် ဖြေကြားနိုင်ခဲ့ခြင်းသည် ၎င်းတို့အား အတွင်းစိတ်တည်ငြိမ်အေးချမ်းမှုကို ရရှိစေခဲ့ကြောင်း၊ ယခု ခံစားရသော တည်ငြိမ် အေးချမ်းမှုမျိုးကို ဘဝ၌ တစ်ချိန်တစ်ခါမျှ မခံစားခဲ့ဖူးကြောင်း၊ ယခုကဲ့သို့ ရှာသက်ပန် ဆက်ကပ်နိုင်စေခဲ့သည့်အတွက်အထူးကျေးဇူးတင်ပါကြောင်း၊ ဘုရားသခင် ပို့ဆောင် ထားရှိမည့်နေရာတွင်နေရမည်ကိုသိကြောင်း၊ အများထက် ထူးခြားသော ကောင်းကြီးတစ်ပါးမှာ တူညီသောလမ်းစဉ်၌ လျှောက်လှမ်း၍ ရဟန်းဘဝ၏ အတိမ်အနက်၊ အမာအပျော့၊ အခက်အခဲ၊ ပျော်ရွှင်မှုများ အားလုံးကို အစ်ကိုအရင်းတစ်ဦးသည်လည်း ဘေးတွင် မားမားမတ်မတ် ရပ်တည်ပေးနေခြင်းပင် ဖြစ်ကြောင်း ပြောကြားသွားပါသည်။

ထို့ အတူ အစ်ကိုဖြစ်သူ ဂျားကိုမိုကလည်း ၎င်းတို့ညီအစ်ကိုနှစ်ဦး၏ မွေးရပ်မြေ `ကျေးဇူးတင်မဏ္ဍားဦးကိုပူဇော်အပြီး၊ ကျေးဇူးတင် စကားပြောကြားရာ၌ သူ၏ ညီဖြစ်သူကို ကျေးဇူးတင်ကြောင်း၊ ညီအစ်ကိုဟု ဆို သော်လည်း အသက်အရွယ်မကွာ၊ မိနစ်၊ စက္ကန့်မျှသာ ကွာ၍ မွေးဖွားခဲ့သော အမွှာညီ ဖြစ်နေခြင်းသည်လည်း စိတ်လှုပ်ရှားရ ကြောင်း၊ ရဟန်းဘဝ ခေါ်တော်မူခြင်းလမ်းစဉ်ကိုရွေး ချယ်ရာတွင်လည်း အတူတကွ ရွေးချယ် လျှောက်လှမ်းဖြစ်ကြောင်း၊ ညီငယ်လည်းဖြစ်၊ အမွှာလည်းဖြစ်၊ ရဟန်းဘဝ၏ လျှောက်လှမ်းဖော်၊ သူငယ်ချင်းကောင်းလည်း ဖြစ်ကြောင်း၊ အဘယ်ကြောင့်ဆိုသော် သူတော်စင် ပီးနိ ပူလီးစီ (Blessed Pino Puglisi) ပြောကြားခဲ့သကဲ့သို့ 'ဘုရားသခင်သည် တစ်ဦး တစ်ယောက်အားဖြင့် ချစ် သည်' ဟုဖြစ်ပါသည်။ သင်သည်ကျွန်ုပ်အား ဘုရားသခင်၏ ချစ်

စာမျက်နှာ ၁၄ သို့

# ဓမ္မပညာရပ်ဆိုင်ရာ ဒီပလိုမာသင်တန်း ဖွင့်ပွဲအခမ်းအနားကျင်းပ

ရန်ကုန် ကက်သလစ်ရဟန်းဖြစ် တက္ကသိုလ် မှ ဦးစီးသော ဓမ္မပညာရပ်ဆိုင်ရာ ဒီပလိုမာသင်တန်း ဖွင့်ပွဲအခမ်းအနားကို ဖွန်လ ၁ ရက်နေ့ နံနက် ၈:၃၀ က စိန်ဂျိုးဇက်မေဂျာ ရဟန်းဖြစ်သင်ကျောင်း ရန်ကုန်၌ မစ္ဆားတရားတော်မြတ်ဖြင့် စတင်ဖွင့်လှစ်ခဲ့ပါသည်။ ထို့နောက်မစ္ဆားတရားတော်မြတ်ကို ကာဒီနယ်ချားစ်ဘိုမှ ဦးဆောင် တင်ပူဇော်ခဲ့ပါသည်။

မစ္ဆားတရားအပြီး၌ပြုလုပ်သော အခမ်းအနားတွင် ဘရာသာရ်များမှသီးချင်းသီဆိုခြင်း၊ ကျောင်းအုပ် ဘုန်းတော်ကြီး Rev. Fr. အောင်ဝင်း မှ ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားခြင်း၊ ကာဒီနယ်ချားစ်ဘိုမှ အားပေးစကားပြောကြားခြင်း၊ ဓမ္မပညာရပ်ဆိုင်ရာဒီပလိုမာသင်တန်း၌ သင်ကြားပို့ချမည့် စာချရဟန်းတော်များမှ ဘာသာရပ်အလိုက်မိတ်ဆက်ခြင်းတို့ပြုလုပ်ခဲ့ကြပါသည်။

ထို့အပြင် ပါဝင် တက်ရောက်ကြမည့်သူများမှလည်း တစ်ဦးချင်းမိတ်ဆက်ခြင်းများပြုလုပ်ခဲ့ပါသည်။




St. Joseph's Catholic Major Seminary - Yangon, Myanmar

# မြန်မာနိုင်ငံလုံးဆိုင်ရာ ကက်သလစ်ဓမ္မဆရာ/ဆရာမများသင်တန်းဖွင့်ပွဲ

၂၀၁၉-၂၀၂၀ ပညာသင်နှစ် အတွက် မြန်မာနိုင်ငံလုံးဆိုင်ရာ ကက်သလစ်ဓမ္မဆရာ/ဆရာမ သင်တန်းဖွင့်ပွဲကို ဖွန်လ (၁) ရက်နေ့ နံနက်( ၇) နာရီတွင် ပုသိမ်သာသနာ ဂိုဏ်းအုပ်ဆရာတော် ဂျွန်မန်းဆိမ်းဟိုမှ မစ္ဆားတရား ဦးဆောင်ပူဇော်ကာ ဖွင့်လှစ်ခဲ့ပါသည်။

ယခုနှစ် လက်ရှိသင်တန်းသူ/သား စုစုပေါင်းမှာ (၇၁)ဦးရှိရာ အမျိုးသမီးသင်တန်းသူမှာ (၁၈) ဦးနှင့် အမျိုးသားသင်တန်းသား (၅၃)ဦးရှိပါသည်။ ပထမနှစ်သင်တန်းသူ/သား မှာ (၄၁)ဦးရှိပြီး၊ ဒုတိယနှစ်သင်တန်းသူ/သား ဦးရေမှာ( ၃၀) ရှိကြောင်း သတင်းရရှိပါသည်။

Credit...RVA Pwo Karen



# ပုသိမ်ဂိုဏ်းအုပ်သာသနာလုံးဆိုင်ရာ လူငယ်များဝတ်စောင့်ပွဲ

ပုသိမ်ဂိုဏ်းအုပ်ဆရာတော်ပိုင် လူငယ်များဝတ်စောင့်ပွဲအခမ်းအနားကို ၂၀၁၉ ဖွန်လ ၈-၉ ရက်နေ့တို့တွင် လူငယ်ဗဟိုဓမ္မဌာန၌ ကျင်းပပြု လုပ်ကြောင်း သိရှိရသည်။ သာသနာပေါင်းစုံမှ လူငယ်ဦးရေ ၇၀ တက်ရောက်ကြပါသည်။ ဖွန်လ ၈ ရက်နေ့ နေ့လည် ၂ နာရီခန့်တွင် ကျောင်းသန့်ရှင်းရေးပြုလုပ်ကြပြီး၊ ည ၇နာရီတွင် သာသနာအသီးသီးမှတက်ရောက်လာကြသော လူငယ်များအားလုံးမှ မိတ်ဆက်ခြင်းအစီအစဉ်၊ Action songများ ဖြင့်ဖျော်ဖြေပြီး ဘုရားကျောင်းတွင် စိပ်ပုတီးစိပ်၊ ဝတ်စောင့်ခြင်း ပြုလုပ်ခဲ့ပါသည်။ လူငယ်ဝတ်စောင့်ခြင်းနှင့် အစည်းအဝေးပွဲကို လူငယ်တာဝန်ခံ ဘုန်းတော်ကြီး Fr.စွန်းစွန်းမှ ဦးဆောင်ပေးခဲ့ပါကြောင်း သိရှိရပါသည်။



OSC Pathein

# မြန်မာနိုင်ငံလုံးဆိုင်ရာ ကက်သလစ် ဆရာတော်ကြီးများ အဖွဲ့ချုပ်၏ ၂၀၁၉ ခုနှစ် အတွက် ဒုတိယအကြိမ် အစည်းအဝေး

မြန်မာနိုင်ငံလုံးဆိုင်ရာ ကက်သလစ် ဆရာတော်ကြီးများ အဖွဲ့ချုပ်၏ ၂၀၁၉ ခုနှစ်အတွက် ဒုတိယအကြိမ် အစည်းအဝေးကို ဇွန်လ ၄ ရက်မှ ၇ ရက်အထိ ရန်ကုန်မြို့ ပြည်လမ်းရှိ အဖွဲ့ချုပ်၏ ကျောင်းတိုက်တွင် ကျင်းပ ပြုလုပ်ခဲ့ပါသည်။

ဇွန်လ (၄) ရက် နံနက် ၆ နာရီခွဲ အချိန်တွင် ဆရာတော်ကြီးများ အားလုံး စုပေါင်းကာ မစ္ဆားပူဇော်ခြင်း ကျင်းပ ပြုလုပ်ခဲ့ကြသည်။ မစ္ဆားတရားတော်မြတ်ကို ရန်ကုန် ဂိုဏ်းချုပ်ဆရာတော်ကြီး ကာဒီနယ် ချားလ်စ်ဘိုမှ ဦးဆောင် ပူဇော်ပေးခဲ့သည်။ ဩဝါဒတွင် ကာဒီနယ်မှ အမိကက်သလစ် အသင်းတော်တွင် သန့်ရှင်းသော ဝိညာဉ်တော် ဘုရား၏ အရေးပါမှု နှင့် ကျွန်ုပ်တို့ တစ်ဦးစီ၏ အသက်တာတွင် ဝိညာဉ်တော်ဘုရား တည်ရှိပုံကို အပြင်အပ လက္ခဏာများဖြင့်သာ ဆုံးဖြတ်ခြင်း မပြုဘဲ မိမိတို့ အသက်တာတွင် ဝိညာဉ်တော်ဘုရား၏ ကျေးဇူးတော်များ ဖြစ်သော ချစ်ခင်ခြင်း၊ စိတ်ရှည်ခြင်း၊ ဉာဏ်ပညာရှိခြင်း၊ ဘုရားတရား ကြည်ညိုခြင်း၊ ရဲရင့်ခြင်း၊ အကြံယူတတ်ခြင်း စသည့် ပါရမီများ ကျင့်ဆောက်တည်ခြင်း ဖြင့်လည်း သိနိုင် ကြောင်း ဝေမျှခဲ့သည်။

အစည်းအဝေး ပထမနေ့ဖြစ်သော ဇွန်လ (၄) ရက်နေ့၏ အစတွင် အဖွဲ့ချုပ် အတွင်း တာဝန်လွှဲပြောင်းယူကြခြင်း အတွက် ကျေးဇူးတင်ခြင်းနှင့် ကြိုဆိုခြင်းများ ပြုလုပ်ခဲ့သည်။ ပုသိမ် သာသနာမှ ဖါသာရ် မောရစ် ညွှန့်ဝေသည် အမှုဆောင် အတွင်းအရေးမှူးအဖြစ် ၆ နှစ်အတွက် တာဝန်ယူခဲ့ပြီး သူ၏ နေရာတွင် မန္တလေးသာသနာမှ ဖါသာရ် ပီတာ စိန်လှိုင်ဦးမှ အစားထိုး တာဝန်ထမ်းဆောင်မည် ဖြစ်သည်။ ဖါသာရ် အာလ်ဘတ် မျိုးလွင်သည်လည်း ဘဏ္ဍာထိန်းတာဝန်ကို ၆ နှစ်တာ ထမ်းဆောင်ခဲ့ပြီး သူ၏ နေရာတွင် ဖာသာရ် လူးဝစ် ရဲမြင့်က အစားထိုး ဝင်ရောက်မည် ဖြစ်သည်။

ထို့အတူ အမှုဆောင် အတွင်းရေးမှူးရုံးခန်းတွင် ကူညီလုပ်ကိုင် နေကြသော စစ္စတာ မာရီနာ နှင့် ဘရာသာရ် မက်သရူး တို့၏ နေရာတွင်လည်း စစ္စတာ ဧလိဇဘက် စုစု နှင့် ဘရာသာရ် စေလက်စတင်း တို့က အစားထိုး တာဝန် ထမ်းဆောင်မည် ဖြစ်ပါသည်။ အလားတူပင် ဘဏ္ဍာထိန်း ရုံးခန်းတွင်လည်း ဝန်ထမ်းများ အပြောင်းအလဲ ရှိပါသည်။



အစည်းအဝေးရက်များတွင် ဆရာတော်ကြီးများ အဖွဲ့ချုပ် လက်အောက်ရှိ ကော်မရှင် အသီးသီးတို့မှ ၂၀၁၈/၂၀၁၉ တနှစ်တာ လုပ်ဆောက်ချက်များကို အစီရင်ခံတင်ပြခြင်းများ ပြုလုပ်ကြသည်။ ဆရာတော်များမှ ထို အစီရင်ခံချက်များအပေါ် ဆွေးနွေး အကြံပြုခြင်းများ ပြုလုပ်ခဲ့သည်။





ဖါသာရ် ပီတာ စိန်လှိုင်ဦး



ဖါသာရ် လူးဝစ် ရဲမြင့်

ဆရာတော်ကြီးများအဖွဲ့ချုပ် လက်အောက်ရှိ ကော်မရှင်များမှာ ရဟန်းတော်များဆိုင်ရာ ကော်မရှင်၊ ရဟန်းဖြစ်သင်ကျောင်းများ ကော်မရှင်၊ သူတော်စင် အသင်းအဖွဲ့များ ကော်မရှင်၊ ယုံကြည်ခြင်းနှင့် ဘုရားစကား သင်ကြားရေး ကော်မရှင်၊ ဘာသာများအကြား ဆွေးနွေးရေးနှင့် ခရစ်ယာန်များညီညွတ်ရေး ကော်မရှင်၊ ဧဝံဂေလိပြန့်ပွါးရေး ကော်မရှင်၊ လူမှုဘဝ မြှင့်တင်ရေး ကော်မရှင်၊ သာမန်ဘာသာဝင်များ ကော်မရှင်၊ လူထုဆက်သွယ်ရေး ကော်မရှင်၊ သီအော်လော်ဂျီရေးရာကော်မရှင်၊ ဝတ်ပြုကိုးကွယ်ခြင်းဆိုင်ရာ ကော်မရှင်၊ သမ္မာကျမ်းစာ ကော်မရှင်၊ ပတ်ဝန်းကျင် ထိန်းသိမ်းရေး ကော်မရှင်၊နိုင်ငံတကာ ခရီးသွားလုပ်ငန်းနှင့် ရွှေ့ပြောင်းအခြေချခြင်း ကော်မရှင်၊ ပညာရေး ကော်မရှင်၊ ကျန်းမာရေး ကော်မရှင်၊ စာပေ ကော်မရှင် တို့ဖြစ်သည်။ ပုပ်ရဟန်းမင်းကြီး ရုံးတော်မှ သာသနာပြန့်ပွါးရေး ရုံးကိုလည်း ဆရာတော်ကြီးများ အဖွဲ့ချုပ် လက် အောက်တွင်ဖွင့်လှစ်ထားရှိသည်။

ထိုကော်မရှင်များတွင်လည်း ရုံးခွဲများစွာရှိသည်။ ဆရာတော်ကြီးများ၏ လမ်းညွှန်မှုအောက်တွင် အသင်းတော်၏ လုပ်ငန်းများကို လုပ်ကိုင်လျက်ရှိကြသည်။

ကက်သလစ် ဆရာတော်ကြီးများ အဖွဲ့ချုပ်ကို နိုင်ငံအလိုက် လည်းကောင်း ဒေသအလိုက်လည်းကောင်း ဖွဲ့စည်ထားရှိသည်။ ဤသို့ဖြင့် အသင်းတော်၏ စည်းလုံးခြင်းကို တည်ဆောက်ခြင်းဖြစ်သည်။

ဆရာတော်ကြီးများ၏ အစည်းအဝေးကို နှစ်စဉ် နှစ်ကြိမ်ပြုလုပ်လေ့ ရှိပါသည်။ ပထမ အကြိမ်ကို ဇန်နဝါရီလနှင့် ဒုတိယအကြိမ်ကို ဇွန်လ တို့တွင် ပြုလုပ်ပါသည်။

CBCM - OSC



ဆရာတော်ကြီးများ၏ အစည်းအဝေးခန်းမ

# မြန်မာနိုင်ငံလုံးဆိုင်ရာ ကက်သလစ်ဆရာတော်ကြီးများအဖွဲ့ချုပ်၏ မြစ်ဆုံ ရေကာတာ စီမံကိန်းနှင့်ပတ်သက်သော သဘောထား ထုတ်ပြန်ချက်

စာအမှတ်။ 53R/2019 နေ့စွဲ။ ။ ၈ ရက်၊ ဇွန်လ၊ ၂၀၁၉ ခုနှစ်

ကက်သလစ် ခရစ်ယာန်သာသနာတော်သည် ငြိမ်းချမ်းရေးကို ဖြစ်နိုင်သော အရာဟု ယုံကြည်ပြီး ငြိမ်းချမ်းရေးသည်သာလျှင် တိုင်းပြည် တည်ဆောက်ရာတွင် တစ်ခုတည်းသော ထိရောက်သည့် နည်းလမ်းဖြစ်သည်ဟု ခံယူကာ အစိုးရနှင့်လည်း ကောင်း၊ ပါဝင်ပတ်သက်သူများနှင့် လည်းကောင်း၊ အပြုသဘောဆောင်သည့် နီးနှောဖလှယ်ခြင်းကို စဉ်ဆက်မပြတ် ပြုလုပ်လေ့ရှိပါသည်။ ကျွန်ုပ်တို့၏ တောင်းဆို ချက်သည် အမိမြေငြိမ်းချမ်းရေးအတွက် အထောက်အပံ့ဖြစ်မည်ဟု မျှော်လင့်လျက် မြန်မာနိုင်ငံတွင် တည်တံ့ခိုင်မြဲသော ငြိမ်းချမ်းရေး ဖြစ်ထွန်းစေရန် ပူးပေါင်းဆောင် ရွက်လိုသော ဆန္ဒဖြင့် ဤသဘောထား ထုတ်ပြန်ချက်ကို ပြုလုပ်ရခြင်းဖြစ်ပါသည်။

ဧရာဝတီမြစ်သည် မြန်မာနိုင်ငံတော်၏ နှလုံးသားတည်ရာ ဗဟိုအချက်အခြာကို ဖြတ်သန်းစီးဆင်းကာ၊ သစ်ပင်ပန်းမာလ်၊ သတ္တဝါတို့နှင့် သန်းပေါင်းများစွာသော လူသားများတို့ အသက်ရှင်လှုပ်ရှားနိုင်ရန် သဘာဝ ရေအရင်းအမြစ်ဖြင့် အာဟာရ ပေးလျက်ရှိပါသည်။ မြန်မာပြည်သူပြည်သားများအတွက်မှာမူ ရေကြည်တစ်လှည့်, ရေနောက်တစ်ခါ စီးဆင်းလာသော မြစ်ရေ၏သမိုင်းကြောင်းသည် ဝမ်းမြောက်ရာနှင့် ကြေကွဲရာတို့ဖြင့် ပြည့်လျက်ရှိသော ကျွန်ုပ်တို့၏ သမိုင်းကြောင်းနှင့် နီးစပ်စွာ ဆက်နွယ်လျက်ရှိသည်ဟု ခံယူကြပါသည်။

သိပ္ပံပညာရှင်များက ဧရာဝတီမြစ်ကြမ်းပြင်အောက်တွင် ငလျင်ပြတ်ရွေ့ကြောရှိသည့်အတွက် ရေကာတာ တည်ဆောက်ခြင်းကြောင့် ပြတ်ရွေ့ကြောကို ဖိအားသက်ရောက်မှု များပြားစေပြီး ကြီးမားသော ငလျင်ဘေးအန္တရာယ် ဖြစ်ပေါ်စေ နိုင်ကြောင်း သတိပေးကာ နိုင်ငံတကာ အဖွဲ့အစည်းများကလည်း မြန်မာနိုင်ငံသည် သဘာဝအန္တရာယ်ကြုံတွေ့နိုင်ချေ တတိယအဆိုးဆုံး အခြေအနေတွင် ရှိနေကြောင်း ထောက်ပြကြပါသည်။ ထို့အပြင် ၎င်းရေကာတာ တည်ဆောက်ခြင်းဖြင့် သန်းပေါင်း များစွာသော လူတို့၏ အသက်အိုးအိမ် ဆုံးရှုံးခြင်းနှင့် စားဝတ်နေရေး အကြပ်အတည်း တွင်းသို့ တွန်းပို့ပြီး လူထောင်ပေါင်းများစွာ ရွှေ့ပြောင်းမှုဟူသော ကြေကွဲဖွယ် ကောင်းသည့် ကပ်ဘေးကြီးကို ဖိတ်ခေါ်သကဲ့သို့ ဖြစ်ပေလိမ့်မည်။

ရေကာတာ တည်ဆောက်ရေး စီမံကိန်းကို လူမှုအဖွဲ့အစည်းများနှင့် မြန်မာ ပြည်သူပြည်သား အများစုက ကန့်ကွက်ကြကြောင်းသိရပါသည်။ ရန်ကုန် ကက်သလစ် ဂိုဏ်းချုပ်ဆရာတော်ကြီး ကာဒီနယ်ချားလ်စ်ဘိုက ကန့်ကွက်ကြောင်း သဘောထားကြေညာချက်နှစ်စောင်ကို ရေးသား ထုတ်ပြန်ရာ၌ ဧရာဝတီမြစ်ကို မြန်မာပြည် သူပြည်သားတို့၏ မွန်မြတ်သော မိခင်အဖြစ် လေးစားတန်ဖိုးထားရန် တိုက်တွန်းနှိုး ဆော်ခဲ့ပါသည်။ ပြည်တွင်းငြိမ်းချမ်းရေး အဓွန့်ရှည်ရန်အတွက် ဧရာဝတီမြစ်ကြီး သဘာဝအတိုင်း အတားအဆီးမဲ့ စီးဆင်းရန် လိုအပ်ပါသည်။

ရေကာတာ တည်ဆောက်မှုမှ ရရှိမည်ဖြစ်သော စီးပွားရေး အကျိုးအမြတ်များသည် လူမှုရေးနှင့် သဘာဝဝန်းကျင် ပျက်စီးမှုများနှင့် နှိုင်းယှဉ်လျှင် မပြေပလောက်သော ပမာဏသာ ဖြစ်ပါသည်။ ထိုအခါ ပြည်တွင်း ငြိမ်းချမ်းရေးသည်လည်း မရေရာ ဝေးကွာသော အိပ်မက်ပမာ ဖြစ်သွားပါလိမ့်မည်။ ဆယ်စုနှစ်များစွာကပင် ဖြစ်ပွားခဲ့သော ပဋိပက္ခများကြောင့် မေတ္တာရေကြည် ဆာတော်နေသည့် ပြည်မြန်မာအတွက် ဧရာဝတီမြစ်ရေကြည်သည် အစဉ်ထာဝရ ပေါကြွယ်ဝစွာ စီးဆင်းနေသင့်ပါသည်။

မိခင်ဧရာဝတီ၏ သမိုင်းကြောင်းသည် ကျွန်ုပ်တို့၏ သမိုင်းကြောင်းလည်း ဖြစ်ပါသောကြောင့် ညီအစ်ကိုမောင်နှမအားလုံးကိုယ်စား တောင်းဆိုရခြင်း ဖြစ်ပါသည်။ ထို့ကြောင့် သာသနာနယ် (၁၆) ခုမှ ကက်သလစ် ခရစ်ယာန်များကို ကိုယ်စား ပြုသော ကျွန်ုပ်တို့ ကက်သလစ်ခရစ်ယာန် ဆရာတော်ကြီးများ အနေဖြင့် ပါဝင်ပတ် သက်သူ အားလုံးတို့အား ကချင်ပြည်နယ်ရှိ မြစ်ဆုံရေကာတာ တည်ဆောက်ရေး စီမံကိန်းကို ပြန်လည်သုံးသပ်ကာ အပြီးအပိုင် ဖျက်သိမ်းရန် တောင်းဆိုပါသည်။

မြန်မာနိုင်ငံလုံးဆိုင်ရာကက်သလစ်ခရစ်ယာန်ဆရာတော်ကြီးများအဖွဲ့ချုပ်၏မြစ်ဆုံရေကာတာစီမံကိန်းနှင့်ပတ်သက်သော သဘောထားထုတ်ပြန်ချက်ကိုထောက်ခံကြသောဆရာတော်ကြီးများ

၁။ ဆရာတော်ဖေလစ်လှမြင့်ဆွေ (ဥက္ကဋ္ဌ) (ကလေးဂိုဏ်းအုပ်သာသနာ)
၂။ ဆရာတော်ချွန်ဆိန်းဟော့ (ဒုဥက္ကဋ္ဌ) (ပုသိမ်ဂိုဏ်းအုပ်သာသနာ)
၃။ ဆရာတော်ချွန်စောယောဟန် (အတွင်းရေးမှူး)။ (ရန်ကုန်ဂိုဏ်းချုပ်သာသနာ)
၄။ ဆရာတော် ဆယ်လ်ဆို ဘာရွှေ (အဖွဲ့ဝင်) (လွိုင်ကော်ဂိုဏ်းအုပ်သာသနာ)
၅။ ကာဒီနယ်ချားလ်စ်ဘို (ဘဏ္ဍာရေးမှူး) (ရန်ကုန်ဂိုဏ်းချုပ်သာသနာ)
၆။ ဆရာတော်နီကိုလပ် မန်ထန်(စီမံခန့်ခွဲရေး) (မန္တလေးဂိုဏ်းချုပ်သာသနာ)
၇။ ဆရာတော်ဘာစီးလီရို အားသိုက် (တောင်ကြီးဂိုဏ်းချုပ်သာသနာ)
၈။ ဆရာတော် ရေမွန်ဆော်လိုရေ (မော်လမြိုင်ဂိုဏ်းအုပ်သာသနာ)
၉။ ဆရာတော်ပီတာလှလွှမ်း ကျော့ (ကျိုင်းတုံဂိုဏ်းအုပ်သာသနာ)
၁၀။ ဆရာတော်ဖိုက်ဇက်နေ (တောင်ငူဂိုဏ်းအုပ်သာသနာ)
၁၁။ ဆရာတော်ဖရန်စစ်ဒေါ်တန် (မြစ်ကြီးနားဂိုဏ်းချုပ်သာသနာ)
၁၂။ ဆရာတော် ရေမွန် ဆွမ်လွတ်ကမ် (ဗန်းမော်ဂိုဏ်းအုပ်သာသနာ)
၁၃။ ဆရာတော် ဖီလစ်ဇဟောင်း (လားရှိုးဂိုဏ်းအုပ်သာသနာ)
၁၄။ ဆရာတော်ဂျက်စတင်းစောမင်းသိုက် (ဘားအံဂိုဏ်းအုပ်သာသနာ)
၁၅။ ဆရာတော်အလက်ဇန္ဒား ပြူးမျိုး (ပြည်ဂိုဏ်းအုပ်သာသနာ)
၁၆။ ဆရာတော် ပီတာလှ (ဖယ်ခုံဂိုဏ်းအုပ်သာသနာ)
၁၇။ ဆရာတော် လူးရှီးယပ်စ် ဟရယ်ကုန်း (ဟားခါးဂိုဏ်းအုပ်သာသနာ)
၁၈။ ဆရာတော် ပေါလ် ဇိန်ထုန်းကျော် (မန္တလေးဂိုဏ်းချုပ်သာသနာ)
၁၉။ ဆရာတော် မာကို တင်ဝင်း (မန္တလေးဂိုဏ်းချုပ်သာသနာ)

# ထာဝရရဟန်းသိက္ခာတင်ပွဲ - ပုသိမ်ဂိုဏ်းအုပ်သာသနာ



ဇွန်လ ၂၉ ရက် ၂၀၁၉ ခုနှစ် စိန်ပီတာ နှင့် စိန်ပေါပွဲနေ့၊ နံနက် ၆း၃၀ နာရီတွင် ပုသိမ် ဂိုဏ်းအုပ်သာသနာ၊ မေရီလန်းသာသနာမှ ဖါသာရ် စောပီတာ မျိုးမင်းဦး (PIME) သည် ပုသိမ် ဆရာတော် ဂျွန်မန်းဆိန်းဟိုလက်တော်မှ စိန်ပီတယ် ကယ်သီဒြယ် ဘုရားကျောင်းတွင် ထာဝရ ရဟန်းသိက္ခာကို ခံယူခဲ့ပါသည်။

ဖါသာရ် စောပီတာ သည် အီတလီနိုင်ငံ PIME ပီးမေ သာသနာပြုဂိုဏ်းသို့ ဝင်ရောက်ပြီး THEOLOGY နှင့်ဆိုင်သော ဘာသာရပ်များကို သင်ယူခဲ့ပြီး ယနေ့တွင် မိခင်သာသနာဖြစ်သော ပုသိမ် သာသနာတွင် ရဟန်းသိက္ခာကို ဆရာတော် ဂျွန်မန်းဆိန်းဟို လက်တော်မှ ခံယူခဲ့ပါသည်။

ပုသိမ် ဂိုဏ်းအုပ်သာသနာတွင် ပီးမေ သာသနာပြုဂိုဏ်းသို့ ဝင်ရောက်သော ဘုန်းတော်ကြီး ၂ ပါး ရှိပါသည်။ ဤ ရဟန်းသိက္ခာတင်ပွဲသို့ PIME ဘုန်းတော်ကြီး ၁၀ ပါးနှင့် ပုသိမ်ဂိုဏ်းအုပ်သာသနာမှ ရဟန်းတော် ၇၀ ကျော်၊ ဘာသာဝင် သားသမီးများ ၃၀၀ ကျော် ပါဝင် ဆုတောင်းပေးခဲ့ကြကြောင်း သတင်းရရှိပါသည်။

News & PHOTO: OSC Pathein

# ရန်ကုန် ဂိုဏ်းချုပ်သာသနာမှ တွဲဖက် ကျောင်းထိုင်ဘုန်းတော်ကြီးများ၏ မွမ်းမံသင်တန်း



ရန်ကုန် ဂိုဏ်းချုပ် သာသနာ ရှိ သာသနာအုပ်စုများမှ တွဲဖက် ကျောင်းထိုင် ဘုန်းတော်ကြီးများ၏ မွမ်းမံသင်တန်းကို ၂၀၁၉ ခုနှစ် မေလ ၂၇ ရက်မှ ၃၀ ရက် အထိ ကျင်းပပြုလုပ်ခဲ့ပါသည်။

မွမ်းမံသင်တန်းတွင် ဘာသာရပ် မျိုးစုံပို့ချခြင်း အတူတကွ ဆုတောင်းခြင်း၊ အားကစားပွဲများ ပြုလုပ်ခြင်းဖြင့် လုပ်ငန်းခွင်အတွက် လိုအပ်သော ခွန်အားများ ဖြည့်တင်းပေးခဲ့ပါသည်။

ကာဒီနယ် ချားလ်စ်ဘိုမှ တက်ရောက်လာကြသော ဘုန်းတော်ကြီးများအား အဖွင့် အားပေးစကား တက်ရောက်ပြောကြားပေးခဲ့ပါသည်။ လူသားတို့၏ စိတ်ပိုင်းဆိုင်ရာ အကြောင်းအရာများကို ဖါသာရ် ဆိုင်မွန်းတင်မောင်၊ ရဟန်းတစ်ပါး၏ဝိညာဉ်ရေးရာနှင့် ငယ်ဖြူ ဘ၀ သက်တာကို ဆရာတော် ဂျွန်စောယောဟန် နှင့် ဆရာတော် ဂျွန် မန်းဆိန်းဟို၊ ကာနွန်ဥပဒေရေးရာကို ဖါသာရ် ဟိုင်ဂျီးနစ် မြင့်စိုး၊ ကလေးသူငယ်ကာကွယ်စောင့်ရှောက်ရေး အကြောင်းကို ဖါသာရ် ဆိုင်မွန်းတင်မောင်နှင့် ဖါသာရ် မာဆီယန်းသက်ကျော်၊ ဝတ်ပြုကိုးကွယ်ခြင်း အကြောင်းကို ဖါသာရ် ဂျော့ဂ်ျ စောအယ်ဒီး တို့မှ အသီးသီး ဝေမျှဟောကြားခဲ့ကြသည်။

ဤသင်တန်းသည် ရဟန်းတို့၏ ဘ၀သက်တာနှင့် သိုးထိန်း တာဝန် ဝတ္တရားများကို ပြန်လည် သတိရစေသည့် အပြင် အတူတကွ ဆုတောင်းခြင်း၊ အတွေ့အကြုံများဖလှယ်ခြင်းဖြင့် တွဲဖက် ကျောင်းထိုင် ရဟန်းငယ်များအတွက် အလွန်ပင် တန်ဘိုးရှိသော သင်တန်းဖြစ်သောကြောင့် သာသနာတိုင်းတွင် ပြုလုပ်ပေးသင့်ကြောင်း သင်တန်းတက်ရောက်ခဲ့သော တွဲဖက် ရဟန်းတစ်ပါးက သူ၏ ခံစားချက်ကို ဝေမျှခဲ့သည်။

# ဗန်းမော် ကျောင်းထိုင်ဘုန်းတော်ကြီးမှ ပါစကားနယ်လှည့်ခြင်းကို တိုက်နယ်အတွင်း ပထမအကြိမ် သွားရောက်



ဗန်းမော်ဂိုဏ်းအုပ်သာသနာ၊ ဗန်းမော် ဘုန်းတော်ကြီးတိုက်နယ်ရှိ ကျောင်းထိုင်ဘုန်းတော်ကြီး ဂျွန် ဂျန်မာယုံဝါမှ ပါစကားနယ်လှည့်ခြင်းကို ဗန်းမော်တိုက်နယ်တွင် ဇွန်လ ၃ရက်နေ့မှ ၇ ရက်နေ့အထိ ပထမအကြိမ် နယ်လှည့်ခဲ့ကြောင်း ဘုရာသာရ်လုကားတူးရှန်ထံမှသိရသည်။

ဇွန်လ၄ရက်နေ့တွင် မြလယ်ကျေးရွယ်၌ အာပတ်ဖြေပေးခြင်း၊ ကလေး (၇)ယောက်နှင့် လူကြီး သုံးယောက်အား ဆေးကြောခြင်း စက္ကရမင်းတူးပေးခြင်း၊ မစ္ဆားတရားပူဇော်ခြင်းများပြုလုပ်ပေးပြီး ဇွန်လ ၅ ရက်နေ့တွင် ဘူးတောင်းကျေးရွာ၌ မစ္ဆားတရားများပူဇော်ပေးခြင်းနှင့် ဘုရားကျောင်းဆောက်လုပ်ရန်အတွက် စီမံချက်ချပေးခြင်း၊ ဇွန်လ ၆ ရက်နေ့တွင် နတ်ခုတ်၊ ဇွန်လ ၇ ရက်နေ့တွင် စန်းခန်း ကျေးရွာများတွင် အလားတူ အာပတ်ဖြေခြင်း၊ ဘုရားကျောင်းဆောက်လုပ်ရန် စီမံချက်ချခြင်းများ ပြုလုပ်သွားပါသည်။ ထိုစီမံချက်များကို နိုဝင်ဘာလတွင် ဆောက်လုပ် အကောင်အထည်ဖော်သွားမည်ဖြစ်ကြောင်း ဖာသာရ် ဂျွန်ဂျန်မာယုံဝါ၏ပြောပြချက်အရသိရပါသည်။

ထိုသို့သွားရောက်ရာတွင်ကျောင်းထိုင်ဘုန်းတော်ကြီးမှ" ဖာသာရ်လည်း ဗန်းမော်တိုက်နယ်မှာ တာဝန်ကျလာတယ်ဆိုတော့ ပထမအကြိမ် ပါစကားနယ်လှည့်ခြင်းနှင့်အတူ အတွေ့အကြုံအရရော ဘာသာတူများရှိတဲ့ နေရာဒေသများကို လှည့်လည်ကြည့်ရှုခြင်းဘဲဖြစ်တယ်၊ သွားရောက်တဲ့ အချိန်မှာလည်း ဘာသာတူများမှ လိုက်လိုက်လှဲလှဲကြိုဆိုတယ်အရမ်းလည်းပျော်ပါတယ်၊ ဟု "ပြောကြားခဲ့ပါသည်။

ဗန်းမော် OSC

# မွန်ဆီညော် မာကုတင်ဝင်း၏ မန္တလေးကက်သလစ် ခရစ်ယာန်သာသနာပိုင် ဂိုဏ်းချုပ်ဆရာတော် သိက္ခာတင်ခြင်း နှင့် ပလ္လင်အပ်နှင်းခြင်း

မွန်ဆီညော် မာကုတင်ဝင်း၏ မန္တလေးကက်သလစ် ခရစ်ယာန်သာသနာပိုင် ဂိုဏ်းချုပ် ဆရာတော် သိက္ခာတင်ခြင်းနှင့် ပလ္လင်အပ်နှင်းခြင်းဖွင့်ပွဲကို ၂၀၁၉ ခုနှစ် ဇွန်လ (၂၂) ရက်နေ့ ညနေ (၅း၀၀)နာရီက ပြုလုပ်ခဲ့ပါသည်။

အခမ်းအနားသို့ မြန်မာနိုင်ငံ ဆိုင်ရာဗာတီကန် သံအမတ်ကြီး ပေါလ်ချန်အင်နန်၊ ရန်ကုန် ဂိုဏ်းချုပ်ဆရာတော်ကြီးကာဒီနယ်ချာလ်စ်းဘို၊ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာဦးဇော်မြင့်မောင်နှင့် အဖွဲ့ဝင်များ၊ မြန်မာပြည်သာသနာ(၁၆) ခုမှ ဆရာတော်ကြီးများ၊ ဘုန်းတော်ကြီးများ အပါး (၃၀၀) ကျော်၊ သီလရှင်များ၊ ကိုရင်များ၊ မိဘဆွေမျိုးများနှင့်၊ ဘာသာအသီးမှ ဓမ္မမိတ်ဆွေများ ကက်သီဒြယ်ကျောင်းဝင်းကွင်းပြည့်ကွင်းလျှံပါဝင် တက်ရောက်ခဲ့ပါတယ်။

ဖွင့်ပွဲ အခမ်းအနားအား ဆရာတော်ကြီး နီကောလာစ်းမန်ထန်း၊ ကာဒီနယ်ချားလ်စ်ဘိုနှင့် ဝန်ကြီးချုပ်မှ စက်ခလုတ်နှိပ် ဖွင့်လှစ်ခဲ့ပါသည်။

ဆရာတော်ကြီး နီကောလာစ်းမန်ထန်း၊ ကာဒီနယ်ချားစ်လ်ဘိုတို့မှ ကြိုဆိုနှုတ်ခွန်းဆက်စကားကို ပြောကြားခဲ့ပါတယ်။

မန္တလေးတိုင်း ဒေသကြီးဝန်ကြီးချုပ်မှလည်း မုဒိတာစကားကိုပြောကြားရာ၌ " ယေရှုဘုရားရှင်ရဲ့ မေတ္တာတော်အားလုံးဟာ ကြွရောက်လာသူ ဧည့်သည်အားလုံးအပေါ် သက်ရောက်စေရန် ပထမဦးစွာ ဆုမွန်ကောင်း တောင်းပေးခဲ့ပါသည်။ ကမ္ဘာကြီးဟာ ရုပ်ပိုင်းဆိုင်ရာအရ တိုးတတ်နေပါတယ်။ ကျွန်တော်တို့စိတ်ကူးဉာဏ်ရှိရင်ရှိ သလောက်တီထွင်မှုတွေရှိနေပါတယ်။ သိပ္ပံပညာအများကြီး တိုးတတ်နေတယ်ဆိုတာ ကျွန်တော်တို့ မျက်ဝါးထင်ထင်တွေ့မြင်နေရပါတယ်။ ယခုလိုပြောကြားခဲ့ပါတယ်။ ဒါပေမဲ့ ရုပ်ပိုင်းဆိုင်ရာ တိုးတက်မှုတစ်ခုတည်းနဲ့ ကမ္ဘာကြီးကို ငြိမ်းချမ်းအောင်တည်ဆောက်လို့မရပါဘူး၊ ဖွံ့ဖြိုးအောင် လုပ်လို့မရပါဘူး။ စိတ်ပိုင်းဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှုလည်းအများကြီးလိုပါတယ်။ စိတ်ပိုင်းဆိုင်ရာဖွံ့ဖြိုးတိုးတက်မှုကို ဘာသာအသီးသီးကဆရာတော်များက တာဝန်ယူပြီး ဆောင်ရွက်နေတာဖြစ်တဲ့အတွက် တစ်နည်းပြောရရင် မြန်မာပြည်ကြီး ငြိမ်းချမ်းဖို့ ကျွန်တော်တို့ နေထိုင်တဲ့ ပတ်ဝန်းကျင် ငြိမ်းချမ်းဖို့ဆိုတာ ဆရာတော်များရဲ့တာဝန် လုံးလုံးလျားလျား ဖြစ်နေတယ်လို့ ကျနော် ယုံကြည်ထားပါတယ်။ ကျနော်တို့ ရုပ်ပိုင်းဆိုင်ရာတိုးတက်မှုဟာကျနော်တို့အတွက် ဘယ်လိုမှ ခံစားမှု ရကောင်းရလာနိုင်ပေမယ့် အသီးသီးဘက်က ပုဂ္ဂိုလ်တိုင်းပုဂ္ဂိုလ်တိုင်းဘက်ကရင်တွင်းမှာ ငြိမ်းချမ်းမှုမေတ္တာထားနိုင်မှု ၊ စာနာနိုင်မှု ၊ ကရုဏာထားနိုင်မှုတွေ အားလုံးဟာ စိတ်ပိုင်းဆိုင်ရာ ဖွံ့ဖြိုးမှုတွေ အား လုံးပေါ်မှာမူတည်ပါတယ်" ဟုပြောကြားခဲ့ပါသည်။

အဲ့ဒီနောက် ဆရာတော်ကြီးများ နှင့် ဝန်ကြီးချုပ်အား အလှူရှင်များကလက်ဆောင်ပနာများလှူဒါန်းခဲ့ကြပြီးနောက် မြန်မာရိုးရာယဉ်ကျေးမှု အကများဖြင့် ဖျော်ဖြေခဲ့ပြီးအခမ်းအနားပြီးဆုံးခဲ့ပါတယ် ။

ဇွန်လ (၂၃) ရက်နေ့ နံနက်ပိုင်းတွင် ဆရာတော်သိက္ခာတင်ခြင်းနှင့် ပလ္လင်အပ်နှင်းခြင်းမစ္ဆားတရားကိုကာဒီနယ်ချားစ်ဘိုမှ ဦးဆောင်ခဲ့ပါသည်။

မစ္ဆားတရားအတွင်း ကာဒီနယ်မှ ယခုလို ဩဝါဒ တရားရေအေး တိုက်ကျွေးရာ၌ သင့်ကိုသင် ယုံကြည်တာထက် သခင်ယေရှုးကို သင့်ကို ပိုပြီးယုံကြည်စိတ်ချပါတယ်။ သင့်ကိုကိုယ် ချစ်တာထက် သခင်ယေရှုးက သင့်ကိုပိုချစ်ပါတယ်။ သင့်ဘဝခရီးစဉ်မှာ သခင်ဘုရားကိုရှာဖွေပါ။ အရှင်သခင်က သင့်ကိုစောင့်နေပါတယ်။ သင့်ရဲ့ လမ်းညွှန် ပုဂ္ဂိုလ်ဟာ သာမန်လူသားတစ်ယောက်မဟုတ်ပါဘူး။ သခင်ယေရှုးအရှင်မြတ်ဘုရားရှင်ကိုယ်တော်တိုင်ဖြစ်ကြောင်း ဩဝါဒ တရားရေအေးတိုက်ကျွေးခဲ့ ပါသည်။

ဩဝါဒ တရားရေအေး တိုက်ကျွေးပြီးနောက် ဆရာတော် သိက္ခာတင်အစီအစဉ်ကို စတင်ရာ ပုပ်ရဟန်းမင်းကြီးဖရန်စစ်အရှင်သူမြတ်မှ မွန်ဆီညော် မာကုတင်ဝင်းအား မန္တလေးကက်သလစ်သာသနာဂိုဏ်းချုပ်ဆရာတော်အဖြစ် ခန့်အပ်ကြောင်းပေးပို့လာသောစာချွန်တော်အားဘာသာစကားသုံးမျိုးဖြင့် ဖတ်ကြားခဲ့ပါတယ်။

အဲ့ဒီနောက် ဆရာတော် သိက္ခာတင်ခြင်းအခမ်းအနားကို ဆက်လက်လုပ်ဆောင်ကာ ဆရာတော်တစ်ပါး၏ အဆောင်အယောင်များကိုပေးအပ်ခဲ့ပါသည်။

ဆရာတော်သစ် မာကုတင်ဝင်းသည် ဘာသာတူများအား လှည့်လည်ကောင်းချီးပေးခဲ့ပြီးနောက် မစ္ဆားတရားကို ဆက်လက်ပူဇော်ခဲ့ပါသည်။

အဲ့ဒီနောက် မြန်မာနိုင်ငံဆိုင်ရာဗာတီကန် သံအမတ် ပေါလ်ချန်အင်နန်မှ ပုပ်ရဟန်းမင်းကြီးကိုယ်စား အနားယူသွားကြသော ဆရာတော်ကြီးများအား ကျေးဇူးတင်ကြောင်းနှင့် ယခု ဆရာတော်အသစ်အား ကြိုဆို ဂုဏ်ပြုရင်း မန္တလေးသာသနာ အတွက် ဝမ်းသာဂုဏ်ယူကြောင်းကို မြွက်ကြားတော်မူခဲ့ပါတယ်။

သီတဂူ ဆရာတော်ကြီးမှ လည်း ဝမ်းမြောက်ကြောင်း ဂုဏ်ပြုသဝဏ်လွှာကို ပေးပို့ခဲ့ပါတယ်။

ဆရာတော်အသစ်မှ ကျေးဇူးတင်ကားပြောကြားရာ၌ "ပွဲတော် ဖြစ်မြောက်ရေးအတွက် အဘက်ဘက်မှ လုပ်အားဖြင့်သော်လည်းကောင်း၊ ငွေကြေး ဖြင့်သော်လည်းကောင်း ၊ ကူညီဆောင်ရွက်ကြသူများ အားလုံးအား ကျေးဇူး အထူးတင်ကြောင်း ပြောကြားခဲ့ပါသည်။

ဆရာတော် မာကုတင်ဝင်းသည် အမိသာသနာတော်၏ သာသနာပိုင်အရှင်သူမြတ်နှင့် သာသနာတော်၏ သွန်သင်ရာများနှင့် အုပ်ချုပ်လမ်းညွှန်စီမံရာများကို တသွေမတိမ်း နားထောင်လိုက်နာမည့်အကြောင်း၊ မန္တလေးကက်သလစ် သာသနာမှ ဘုန်းတော်ကြီးများ၊ကိုရင်များ ၊သီလရှင်များနှင့် ဘုရာသားသမီး ဘာသာဝင်ကြီးငယ် အပေါင်းတို့အားလည်း ဆရာတော်ကသာသနာပိုင်တစ်ပါးအနေနဲ့ ဘာသာယုံကြည်ရာများနှင့်ကိုယ်ကျင့်တရားများကိုသင်ကြားတဲ့အခါ၊ ဘုရားရှင်၏ လူမျိုးတော်ကြီးသန့်ရှင်းစင်ကြယ်ဖို့၊ ပညာသမာဓိနှင့် သင်ကြားတဲ့အခါ၊ စီမံခန့်ခွဲထိန်းသိမ်းအုပ်ချုပ်တဲ့အခါ၌ မန္တလေးကက်သလစ် သာသနာရှိ အားလုံးသော ဘာသာဝင်များက ဆရာတော်၏ စကားကို နားထောင်ကြဖို့ရန်အတွက် " ဆရာတော်အသစ်က တောင်းဆိုခဲ့ပါသည်။

အဲ့ဒီနောက် မစ္ဆားတရားပြီးဆုံးခဲ့ပြီးဆရာတော်သစ်၏ ကောင်းချီးဖြင့် အဆုံးသတ်ခဲ့ပါသည်။

မစ္ဆားတရား ပြီးသည့်နောက်ဆရာတော်သစ်အား ဂုဏ်ပြုနှုတ်ဆက်ခြင်း အခမ်းအနားကို ဆက်လက်လုပ်ဆောင်ခဲ့ကြပါသည်။ မန္တလေး သာသနာအတွင်းရှိ ဇုံအလိုက် လက်ဆောင်ပဏ္ဏာများဖြင့် နှုတ်ဆက်ကြခြင်း၊ ကချင်မိသားစုမှလည်းကချင်ရိုးရာများဖြင့် နှုတ်ဆက်ကြခြင်း ၊အခြားသောသာသနာမှ အဖွဲ့အစည်းအချို့မှလည်းလက်ဆောင်ပဏ္ဏာများ ဆက်သခဲ့ကြပါသည်။

ယခုလို မန္တလေး ကက်သလစ် သာသနာ ဘုန်းတော်ကြီးများထဲမှ ဆရာတော်တစ်ပါးရရှိရန်အတွက် ဟားခါးသာသနာမှ ဆရာတော်ကြီးနီကောလာစ်းမန်ထန်း မန်ထန်း မန္တလေးသာသနာသို့ ဆရာတော်အဖြစ်စတင်ရောက်ရှိ တာဝန်ယူစဉ် ကတည်းကစ၍ ဆရာတော် အနားမယူခင် မန္တလေးသာသနာထဲမှ ဆရာတော် တစ်ပါး ရရှိရန်အတွက် အစွမ်းကုန် ကြိုးစားသွားမည်ဟု ကြွေးကြော်ခဲ့သည့်အတိုင်း ယခု ဆရာတော်ကြီးသက်တော် (၇၆) နှစ်ပြည့် အနားယူချိန်၌မန္တလေးသာသနာဘုန်းတော်ကြီးထဲမှ ဆရာတော်တစ်ပါး ရရှိခဲ့ခြင်းဖြစ်ပါတယ်။

မန္တလေးကက်သလစ် ဂိုဏ်းချုပ်သာသနာအတွက် ယခုလိုပွဲ ကျင်းပသည်မှာလည်း နှစ်ပေါင်း(၃၀)ခန့် ကြာပြီးမှ ပြန်လည်ကျင်းပသည့်ပွဲဖြစ်ပါတယ်။ မန္တလေး ကက်သလစ် သာသနာမှ ဆရာတော်ကြီး အေဦးသန်းအောင် အနားယူပြီးနောက် (၁၇) နှစ်ကြာပြီးမှ ယခု မန္တလေး ကက်သလစ်သာသနာ ဘုန်းတော်ကြီးများထဲမှဆရာတော်တစ်ပါး ပြန်လည်ပေါ်ထွက်လာခြင်း ဖြစ်ပါတယ်။ ဆရာတော်ကြီး မာကုတင်ဝင်းသည် မန္တလေး ကက်သလစ်ဂိုဏ်းချုပ်သာသနာအတွက် (၇) ပါးမြောက် ဂိုဏ်းချုပ်ဆရာတော်ကြီးလည်း ဖြစ်ပါတယ်။ ဆရာတော်ကြီးသည် စစ်ကိုင်းတိုင်း ၊ ရွှေဘိုခရိုင် ၊ ခင်ဦးမြို့နယ်၊ မုံလှစံပြကျေးရွာ ဇာတိဖြစ်ပါသည်။ ခမည်းတော် ပေါလုဦးစိန်မောင်နှင့် မယ်တော် ဖရန်စွကားဒေါ်သန်းတင်တို့မှ ၁၉၆၀ ခုနှစ် ၊ ဧပြီလ (၂၂) ရက်နေ့တွင် မွေးဖွားသန့်စင်ခဲ့ပြီး ညီအစ်ကို မောင်နှမ ငါး ယောက်တွင် ဒုတိယသားရတနာ ဖြစ်ပါသည်။

Pinky ( MDY-OSC / RVA Myanmar)



# မန္တလေး ဂိုဏ်းချုပ် ဆရာတော် သိက္ခာတင်ခြင်းနှင့် ပလ္လင်အပ်နှင်းခြင်း ဖွင့်ပွဲအခမ်းအနား



















# မန္တလေး ဂိုဏ်းချုပ် ဆရာတော် သိက္ခာတင်ခြင်း နှင့် ပလ္လင်အပ်နှင်းခြင်း အခမ်းအနား














# မန္တလေး ဂိုဏ်းချုပ်သာသနာ၏ ဆရာတော်သစ်နှင့် တွေ့ဆုံမေးမြန်းခြင်း

မန္တလေးဂိုဏ်းချုပ်သာသနာရဲ့ အသစ်တင်မြှောက်ခြင်းခံရတဲ့ ဂိုဏ်းချုပ်ဆရာတော်ကြီး မာကုဦးတင်ဝင်းအား CBCM-OSC မှ တွေ့ဆုံ မေးမြန်းရာမှာ အောက်ပါအတိုင်း ဖြေကြားပေးသွားပါတယ်။

မန္တလေးဂိုဏ်းချုပ်သာသနာရဲ့ အသစ်တင်မြှောက်လိုက်တဲ့ ဂိုဏ်းချုပ် ဆရာတော်ကြီး မာကုဦးတင်ဝင်းအား CBCM-OSC ကနေတွေ့ဆုံ မေးမြန်းရာမှာအောက်ပါအတိုင်း မိန့်မြွက်ဖြေကြားပေးသွားပါတယ်။

ကျွန်တော့အနေနဲ့ ဒီနေ့ခံစားချက်ကတော့ပထမ တစ်ခုက မန္တလေးသာသနာကြီးအတွက်ပါပဲ၊ နှစ်တွေမနည်း တော့ဘူးပေါ့နော် ကိုယ့်သာသနာက ဆရာတော်နဲ့ကိုယ့် ဘုန်းကြီးတွေရယ်လို့ မရှိခဲ့ရတာ။ ကျွန်တော့် Personal အတွက်ကတော့ ကျွန်တော်က ကိုယ့်ကိုယ်ကိုလည်းပဲ သိပါတယ်၊ ဘုရားရှေ့မှာတော့ ဘာမှမဟုတ်တဲ့လူ ဖြစ်ပါတယ်။ သို့သော်လည်းပဲ ဆရာတော်ဆိုတာ မနက်အိပ်ယာတိုင်း ကိုယ့်ကိုယ်ကိုယ်တောင် သတိပြန်ပေးနေရတယ်။ ငါက ဆရာတော်ဖြစ်ဖို့ရာ ဘုရားကငါ့ကို သတ်မှတ်လိုက်တယ်လို့ ပြန်ပြန်သတိပေးရတယ်။ မယုံနိုင်လွန်းလို့ပါ။ ဘုရားရဲ့ကျေးဇူးတော်က ကျွန်တော့အသက်ထက် ပိုကြီးနေပါတယ်။ ဘုရားရဲ့ကျေးဇူးတော်က၊ မေတ္တာတော်က ကျွန်တော်ဘာတွေ၊ ဘယ်လောက် ကသိုလ်တွေဆည်းပူးပြီးလုပ်ခဲ့၊ လုပ်ခဲ့၊ သာသနာအတွက် ဘာအကျိုးတွေပဲလုပ်ခဲ့လုပ်ခဲ့အဲဒါတွေ ထက်မနှိုင်းမယှဉ်နိုင်အောင်များတာကို ခံစားမိတော့ ဘုရားကိုအရမ်းကျေးဇူးတင်တယ်။ ဘုရားမေတ္တာတစ်ခုထဲကြောင့် သာလျှင်ကျွန်တော်ဒီလို၊ ဒီနေ့ဆရာတော်သိက္ခာတင်ခြင်း ဆိုတာရောက်လာရပါတယ်လို့ အဲလိုပဲခံယူပါတယ်။

ဒါကတော့ကျွန်တော့ရဲ့ခံစားချက်ပေါ့နော်။ ပျော်သလားလို့မေးရင်တော့ အင်း...ပျော်---ပျော်ပါတယ်။ သို့သော်လည်းလုပ်ရမယ့်တာဝန်တွေအတွက်တော့ ပိုပြီးတော့ စဉ်းစားမိပါတယ်။

ရှေ့လျှောက် လုပ်ဆောင်ဖို့ မျှော်မှန်းထားတဲ့ကျွန်တော့ရဲ့ရည်ရွယ်ချက်ကတော့ ပင်မ မဏ္ဍိုင်ကြီး(၄)ခုရှိပါတယ်။

ပထမတစ်ခုက သာသနာတော်ပြုခြင်း (Evangelization)

ဒီသာသနာပြုခြင်းရဲ့ ခေါင်းစဉ်အောက်မှာ ကျွန်တော်တို့ရဲ့ မဏ္ဍားတရားဝတ်ပြုကိုးကွယ်ခြင်းနဲ့ စက္ကရမင်တူးတွေကိုပြန်လည်ပြီးတဲ့နောက် Vertican II နဲ့အညီဖြစ်ရအောင်အတွက် ပိုမိုပြီးတော့ ဘာသာဝင်တွေ ပါဝင်ချင်တဲ့၊ ပါဝင်နိုင်တဲ့၊ ပါဝင်ဖို့အခွင့်ပေးတဲ့စက္ကရမင်တူးတွေ၊ ဝတ်ပြုကိုးကွယ်ခြင်းမျိုးတွေဖြစ်အောင်လုပ်ဖို့ဆန္ဒရှိပါတယ်။

နောက်တစ်ခုကတော့ အဲဒီခေါင်းစဉ်အောက်မှာပါပဲ။ ကျမ်းစာကို လူတိုင်း၊ လူတိုင်းမြတ်နိုးစွာဖတ်ရှုနိုင်စေမယ့် အကြောင်းဖြစ်ပါတယ်။

နောက်တစ်ခုကလည်းဒီခေါင်းစဉ်အောက်ကပါပဲ။ Inter-religious dialogue ကိုးကွယ်မှုဘာသာတရားများအချင်းချင်းနီးနှောဖလှယ်ခြင်း၊ ဒါတွေပိုမိုပြီးလုပ်ဖို့အတွက်ပါ။

နောက်ပြီး ခရစ်ယာန်တရားထိုင်ခြင်း Christian Meditation ကိုလည်း ပဲဘာသာဝင်တွေနဲ့ ဘုန်းတော်ကြီး၊ သီလရှင်တွေအတွက် ကတယ့်ကို Contemplative Spirituality ထိရောက်အောင် လုပ်ပေးလိုတဲ့ဆန္ဒနဲ့ ဒါတွေကိုရည်စူးထားပါ



တယ်။

နောက် ဒုတိယမဏ္ဍိုင်အနေနဲ့ Education ခေါင်းစဉ်အောက်မှာကတော့ လူငယ်တွေ ကောကျောင်းသူ၊ ကျောင်းသားတွေကော၊ ဘုန်းကြီးတွေ၊ သီလရှင် အပါအဝင် ပညာရေးပိုင်းကို ပြန်ဝင်ဖို့ပဲဖြစ်ပါတယ်။ အထူးသဖြင့် ကျောင်းမနေတော့တဲ့ လူငယ်တွေအတွက်လည်း အလုပ်ရှာဖွေရရှိနိုင်မယ့် Professional Education လေးတွေကိုလည်းပဲစဉ်းစားမိပါတယ်။

တတိယမဏ္ဍိုင် အနေနဲ့ကတော့ Ecclesiastical Education ဘုရားတရားသင်ကြားခြင်း Catechism and Catechesis ပေါ့။ ဒီခေတ်၊ ဒီနေ့ ဒီရိုးနိမ့်မှာတော့ ဘာသာဝင်တွေဟာမိမိယုံကြည်ရာ ဘာသာတရားကို မသိကြတော့ပါဘူး၊ ထဲထဲဝင်ဝင်မသိတဲ့အတွက်၊ ထဲထဲဝင်ဝင်လည်းတန်ဖိုးမထားတတ် ကြတော့ဘူး။ ဒီလိုဖြစ်နေရတာကို စိတ်မကောင်းဖြစ်မိလို့ Catechism and Catechesis ပြန်လုပ်ဖို့ ကြိုးစားချင်တာဖြစ်ပါတယ်။

စတုတ္ထမဏ္ဍိုင်အနေနဲ့ ကျွန်တဲ့အသင်းအဖွဲ့တွေက အများကြီးသူတို့လုပ်နေကြပါတယ်။ ဒီအသင်းအဖွဲ့တွေ၊ အဲဒါတွေကိုလည်း ဆက်ပြီးထားပေး၊ အားပေးသွားမှာ ဖြစ်ပါတယ်။

အဲဒါတွေက ကျွန်တော့ရဲ့ပင်မ မဏ္ဍိုင်ရည်မှန်းချက်တွေပါ။ အဲဒီတော့ ဒီလောက်များတာကြီးကို ကိုယ်တော်ဘယ်လိုလုပ်မှာလဲဆိုတော့ ကျွန်တော်တစ်ယောက်ထဲမလုပ်ပါဘူး။ ဘုန်းတော်ကြီးတွေ၊ သီလရှင်တွေ၊ ဘာသာဝင်တွေအားလုံးနဲ့ လက်တွဲပြီး၊ သူတို့ကိုလည်းပဲလုပ်ပိုင် ခွင့်တွေပေးပြီးအတူတူလုပ်ကြမယ်၊ လုပ်ဖို့လည်းပဲ ကျွန်တော်အားကိုးမယ်၊ လုပ်ဖို့လည်းပဲ ဖိတ်ခေါ်မယ်လို့ ဒီလိုရည်စူးထားပါတယ်။

တွေ့ဆုံမေးမြန်းသူ - စစ္စတာ ဒဲနစ် ဂျာတောင် (SJA)

CBCM-OSC ရုံးနဲ့ ဒီရုံးကနေတစ်လတစ်ကြိမ်ပုံမှန်ထုတ်ဝေနေတဲ့ Herald သတင်းစာစောင်ကိုကော ကိုယ်တော့်အနေနဲ့ ဘာတွေများလမ်းညွှန်အကြံပြုပေးချင်ပါသလဲ ဆိုတဲ့မေးခွန်းကိုတော့ ယခုကဲ့သို့ဖြေကြားသွားပါတယ်။

Herald သတင်းစာစောင်ကိုတော့ အရမ်းသဘောကျတယ်။ ဒါကိုသာသနာတိုင်းက မြတ်မြတ်နိုးနိုးနဲ့ ဝယ်ယူဖတ်စေချင်တယ်။ အဲဒါကို မန္တလေးမှာတော့ သိပ်ပြီးတော့ မတွင်ကျယ်တာကို ကျွန်တော်သတိထားမိတယ်။ ဒါကြောင့် မို့ ပိုပြီးတွင်ကျယ်နိုင်ရအောင် ကျွန်တော်ကြိုးစားမယ်၊ အားပေးမယ်။

နောက်တစ်ခု ကျွန်တော်အကြံပေးလိုတာက Herald ထဲမှာ နိုင်ငံရေးသတင်း၊ နိုင်ငံတော်ရဲ့သတင်းတွေပါတာပေါ့နော်။ အဲဒါတွေကိုတော့ ကျွန်တော်ကမထည့်စေချင်ဘူး။ ဘာလုပ်လို့မထည့်စေချင်တာလဲဆိုတော့ ဒီသတင်းတွေရဖို့ရာက ဘယ်သတင်းစာ၊ ဘယ်ဂျာနယ်ကိုဖတ်ဖတ် ဖတ်စရာအများကြီးပဲရှိတယ်။နောက်ပြီးတော့ Herald ထွက်တဲ့အချိန်ဆိုရင်လည်း ဒါတွေကအကုန် သိပြီးသား ဖြစ်နေပါပြီ။ အဲဒီတော့ အဲဒီနည်းလုတ့် စာမျက်နှာလေးတွေပေါ်မှာ၊ နေရာတွေမှာဘာတွေပဲထည့်စေချင်လဲဆိုတော့ သာသနာရဲ့သတင်းတွေပါ။ သတင်းတွေလည်းရှိတယ်၊ ပုပ်ရဟန်းမင်းကြီးရဲ့ဆုံးမတဲ့တရားတွေရှိတယ်၊ နောက်တရားနဲ့ဆိုင်တဲ့တခြားအကြောင်းတွေအများကြီးပါ။ အဲဒါလေးတွေကို ဝေဝေဆာဆာနဲ့ ဘာသာပြန်ပြီးတဲ့နောက် ထည့်မယ်ဆိုရင် ဘာသာဝင်တွေကဖတ်ပြီး ဒါလေးတွေရသွားစေနိုင်မယ်။

နောက်တစ်ခုကလည်းဒီ Herald သတင်းစာစောင်ကို ဖတ်ရင်းနဲ့လည်း သူတို့ကို Catechesis လုပ်ပေးလို့ရပါတယ်။ စီးရီးတစ်ခုအနေနဲ့တစ်ချို့စာမျက်နှာလေးတွေမှာ အဲဒါလေးကိုအမြဲတမ်း၊ ဥပမာ ကိုယ်တော်မြတ်အကြောင်း ဆိုကိုယ်တော်မြတ်အကြောင်းဖြစ်ဖြစ်၊ထည့်ထည့်သွားမယ်၊ ကော်လံတစ်ခု၊ နှစ်ခုလောက်ပေါ့ အများကြီးတော့ ဘယ်ထည့်နိုင်ပါ့မလဲ။ အဓိက လိုအပ်တာလေးတွေလောက်ပေါ့။ အဲလို လုပ်လုပ်သွားမယ်ဆိုရင် ဖတ်တဲ့သူအတွက် အများကြီး အကျိုးရသွားစေနိုင်တာပေါ့နော်။ အဲဒါလေးကိုတော့ အကြံပေးချင်ပါတယ်။

Herald စာစောင်ကကောင်းပါတယ်၊ ဒါက တရားဝင် News Sourse တစ်ခုလည်းဖြစ်တာပဲ။ နောက်တစ်ခုက အခုခေတ်က IT ခေတ်ဆိုတော့လူတွေကစာဖတ်တာထက်၊ သတင်းစာဖတ်တာထက်အင်တာနက်ကိုပိုအားကိုးကြတဲ့အတွက် OSC ရုံးအနေနဲ့အင်တာနက်ကိုလည်းပိုအသုံးပြုကြစေချင်တယ်ပေါ့နော်။ Facebook Page ကနေတင်တာတွေ အခုလည်းလုပ်နေတာတွေ့ရ ပါတယ်။ ဒါကိုလည်းပိုလုပ်ဖို့ပေါ့။ ဒါတွေလုပ်ဖို့ကအင်အားလည်းလိုတာပေါ့လေ၊ ငွေအင်အား၊ လူအင်အားလိုမှာလွယ်လွယ်နဲ့တော့ မဖြစ်ဘူးပေါ့။ ကျွန်တော်လည်း အားပေးပါတယ်။ လုပ်နိုင်တာရှိရင်လည်း ဝိုင်းလုပ်ပေးပါ့မယ်။

တွေ့ဆုံမေးမြန်းသူ - စစ္စတာဒဲနစ်ဂျာတောင် (SJA)
CBCM-OSC

---

စာမျက်နှာ ၆ မှ အဆက်

ခြင်းကို ထိတွေ့ ခံစားစေသော သူများ အနက် တစ်ဦးဖြစ်ကြောင်း၊ လျှောက် လှမ်းခဲ့သော ဤသင်တန်းကာလ အတွင်း လေးနက် လွတ်လပ်စွာဖြင့် ကျွန်ုပ်၏ ဘေး၌ အတူ တကွ လျှောက်လှမ်းခဲ့ သည့်အတွက် ကျေးဇူးတင်ပါကြောင်း၊ ဤကျွန်ုပ်တို့၏ မဏ္ဍားဦး၌ သင့်အတွက် ဆုတောင်းပေး နေမည်ဖြစ်ကြောင်း၊ သခင့်ကိုသာရှေ့ရှုပါ။ သူသည် ခိုလှုံအပ်သော တစ်ခုတည်းသော ကျောက်ဆောင်ဖြစ်ကြောင်း၊ သင့်အထဲ၌ ရှင်သန်နေ သူဖြစ်ကြောင်း၊ သူ့အတွက် သင်သည် ယခုကဲ့သို့ အစွမ်းကုန် ရှင်သန်ရန်ခေါ်တော်မူခြင်း ခံခဲ့ရကြောင်းဖြင့် အားပေးစကားပြောကြားခဲ့ပါသည်။

aleteia(ဖိုးစံပ)

# မန္တလေးဂိုဏ်းချုပ်သာသနာ၏ ဂိုဏ်းချုပ်ဆရာတော် အသစ်ရရှိခြင်း အပေါ် ဘာသာဝင်အချို့ထံမှ အသံများ

တွေ့ဆုံမေးမြန်းသူ - စစ္စတာ ဒဲနစ် ဂျာတောင် (SJA)

"ဒါဟာ သူ့လိုအပ်မှုနဲ့ အချိန်အခါ အကိုက် ဘုရားစီစဉ်ရွေးကောက်တာလို့မြင်ပါတယ်"



စစ္စတာလူစီဝင်း
(ကရုဏာရေးသီလရှင်အသင်း)

"မန္တလေးမှာ ကိုယ့်ဆရာတော် ရတာ ဘုရားကိုကျေးဇူးတင်တယ်။ အရမ်း ပျော်ပါတယ်၊ ဘဝမှာ မကြုံစဖူးပါပဲ။ ဒီပွဲ အတွက် အနီးကပ်ပြင်ဆင်ချိန်တောင်တစ်လလောက်ရှိခဲ့ပေမယ့် မောတယ်လို့ မခံစားမိပါဘူး။ ဒီမိုကရေစီခေတ် ဖော်ဆောင် ချိန်မှာ လိုအပ်တဲ့ Peace ကို လုပ်ဆောင်သူ ဖြစ်လို့ ခေတ်ရဲ့ လိုအပ်မှုနဲ့ကိုက်ညီသူလို့ မြင်တယ်။ ဆရာတော်ကြီးအနေနဲ့ Inter-Faith အပိုင်းကိုလည်း ပိုလုပ်လိမ့်မယ်လို့မျှော်လင့်ပါတယ်"



ဒေါ်Noelline တင်တင် ဝင်း
(Couple for Christ `CFC` အဖွဲ့ဝင်)

"Very grateful to God for new Bishop. We expect everything but God will help him. Whatever we expect God will supply him."



Capt . Arthur Andrews
(အငြိမ်းစား ဗိုလ်မှူးကြီး၊ ပြင်ဦးလွင်)

"ဆရာတော်သစ်က ဝိညာဉ်ရေးပိုင်း အားသန်တယ်။ ဒီမှာလိုနေတာလည်း အဲဒါပဲလို့ မြင်တယ်။ ဒီတော့ ဝိညာဉ်ရေး၊ ဘာသာရေးပိုင်း အများကြီး တိုးတက်အောင် လုပ်မယ်လို့ မျှော်လင့်မိတယ်။ နောက်ပြီး သူက သူ တော်စင် Religious အသင်းဂိုဏ်းစုံနဲ့ လက်တွဲနိုင်၊ ခေါ်ဆောင်နိုင်တော့ ပိုပြီး အလုပ်ဖြစ်မယ်လို့ မြင်မိပါတယ်။ ကျွန်တော့် အနေနဲ့တော့ ပျော်တယ်၊ အားရတယ်``



ကို William ဇော်နိုင်ဦး ( Mdy-RVA )

"နှစ်ပေါင်း မနည်းတော့ဘူး နယ်ခံ ဆရာတော် မရတာဆိုတော့ ဝမ်းသာပေးပါတယ်။ သူတို့နယ်ခံတွေလည်း ဝမ်းသာမှာပဲ။ အခု ဆရာတော်အသစ်က အသက်လည်း ငယ်တယ်၊ ပညာလည်းတတ်တယ် သာသနာ တိုးတက်ဖို့ ပိုလုပ်နိုင်မှာပါ။ သူ့ရဲ့ ဘုရားတရားပိုင်းလည်း ပြောစရာ မရှိဘူး။ ကျွန်တော်တို့ မန္တလေးအခြေစိုက် ကချင်အဖွဲ့ အစည်းကိုလည်း လက်တွဲ၊ ဖေးမပေးသွားလိမ့်မယ်လို့ မျှော်လင့်ပါတယ်၊ ကျွန်တော်တို့ဖက်ကလည်း တတ်နိုင်သလောက် ကူညီ ဆက်ကပ်သွားမှာပါ"



ဆရာမိုက်ကယ် Malang ဇော်ဆိုင်း
(မန္တလေးကချင်အဖွဲ့အစည်း ၏ ဓမ္မဆရာ)

"ကျွန်တော် ၄ တန်းက တည်းက ဆရာတော်သစ်ဆိုတာ မမြင်ခဲ့၊ မရနိုင်ခဲ့ဘူး။ ပျော်တယ်၊ ကောင်းတယ်၊ အားရတယ်။ တခြား ဆရာတော်ကြီးတွေ မကောင်းဘူး မဟုတ်ဘူး၊ ကောင်းကြတယ်။ ဒါပေမယ့် နယ်ခံမဟုတ်တော့ အခြေအနေတွေ၊ လိုအပ်တာတွေ ပြောပြနေရအုံးမယ်။ သူက ပြောပြစရာမလိုဘူး၊ ကိုယ့်မွေးဇာတိ သာသနာဆိုတော့ အားလုံးသိပြီး သား။ နောက်ပြီး ကျွန်တော် သတိထားမိသလောက် သူက ရဟန်းဘုန်းကြီးတွေရဲ့ ကျန်းမာရေး စောင့်ရှောက်မှုကိုလည်း စိတ်ဝင်စားလုပ် ဆောင်ပေးလိမ့်မယ်လို့ထင်တယ်ဗျ"

ဦးမျိုးလွင် (မန္တလေး)

"မန္တလေးသာသနာအတွက် အလင်း တစ်ခု လို့မြင်မိပါတယ်။ သူ့ကို spiritual ပိုင်းမှာ ကျင့်ကြံမှုရှိတယ်လို့မြင်တယ်။ ဘုရားရွေးကောက်တာပဲလို့မြင်ပါတယ်။ ကျွန်တော်တို့ Praise and Worship အဖွဲ့ကိုလည်း Verbum Domini လို့ သူပဲ နာမယ်တပ်ပေးပြီး ကျွန်တော်တို့ရဲ့ လှုပ်ရှားမှုကို အားပေးပါတယ်။ ကျွန်တော် မှတ်သားမိတဲ့ သူ့ရဲ့ စကားက လူတွေ ဘုရားဆီ သွားကြတဲ့၊ ရောက်နိုင်ကြတဲ့နည်းလမ်းက တစ်ယောက်နဲ့ တစ်ယောက် မတူကြဘူး။ ဒါကြောင့် လူတွေဘုရားကို ခံစားမိဖို့၊ ဘုရားနဲ့ပေါင်းစပ်နိုင်ဖို့ နည်းလမ်းအမျိုးမျိုးသုံးတာ ကောင်းပါတယ်လို့ ပြောဖူးပါတယ်။"



ကို Francia Xavier နိုနို (မန္တလေး)

"မန္တလေးက ဆရာတော် ရတယ် ဆိုတော့ OK ပါတယ်။ ရှေ့လျှောက်လည်း OK မယ်လို့ယုံတယ်။ မန္တလေးက နယ်ခံ ဆရာတော်မရတာကြာပြီ။ အခု သူက မန္တလေး သာသ နာ အကြောင်းသိ မို့လို့ ပိုလုပ် သွားနိုင်မယ်လို့ ယုံတယ်၊ မျှော်လင့်ပါတယ်။"

ဦးမောင်မောင် (မန္တလေး)

တွေ့ဆုံမေးမြန်းသူ
စစ္စတာဒဲနစ်ဂျာတောင် (SJA)
CBCM-OSC

---

စာမျက်နှာ ၂၂ မှ အဆက်

ချယ်ပြီးတဲ့ အခါမှာလည်း ကိုယ့်ကိုယ်ကို ပေး ဆပ် ရ တာတွေ အများကြီးရှိတယ်။ အပြင်လူတွေကို ကြည့်ပြီး အားကျတာတွေလည်း ရှိခဲ့တယ်။ ဒါပေမယ့် ကိုယ်ရွေးမယ့်လမ်းဟာ သူတော်စင် ဘဝဖြစ် နေတဲ့အတွက် ကိုယ့်ရဲ့ စိတ်ဆန္ဒကို အရင်ဆုံး စွန့်လွှတ်ရ တယ်။ ငြင်းပယ်ရတယ်။ ကိုယ့်ရဲ့အလိုဆန္ဒတွေကိုပူဇော်ရတယ်။ သူတော်စင်ဘဝကို မြတ်မြတ်နိုးနိုးနဲ့ လျှောက်လှမ်း နိုင်ဖို့အတွက် ကိုယ်တစ်ဦး တစ်ယောက်ထဲနဲ့ မဖြစ်နိုင်ပါ ဘူး။ ဘုရားမပါရင် ဘယ်အရာမှမပြီးဘူးဆိုတာ ကိုယ့်စိတ်ထဲမှာ အမြဲတမ်း သွင်းထားပြီး တော့ ဘုရားနဲ့အမြဲပေါင်းစပ်ပြီး အခြားသူဆီမှာလည်း ဆုတောင်းမေတ္တာကိုခံယူတယ်။သူတို့ရဲ့ ဆုတောင်းမေတ္တာအားဖြင့် ဒီဘဝကို ချောချောမောမော လျှောက်လှမ်းနိုင်မှာ ဖြစ်တယ်။ နောက်ကိုယ့်ကိုကြည့်တဲ့အကြီးအကဲတွေရဲ့ ဆုတောင်းမေတ္တာ သူတို့ရဲ့ လမ်းပြမှုတွေ အားဖြင့် ဒီသူတော်စင်ဘဝကို ထိုက်ထိုက်တန်တန် ပိုင်ဆိုင်နိုင်မှာဖြစ်တယ်။ ဒီနေ့လိုမျိုး ပထမသစ္စာ ခံယူနိုင်ဖို့ရန် အတွက် ပထမဦးဆုံးဘုရားဆီကနေခွန်အား တောင်းရတယ်။ အဓိကတော့ ကိုယ်နဲ့ဘုရားနဲ့ အမြဲပေါင်းစပ်နေဖို့ လိုအပ်တယ်” ဟု စစ္စတာရိက သူတော်စင်ဘဝ ရွေးချယ်ရာမှာ အခက်ခဲတချို့နှင့် အခက်အခဲများကို ရင်ဆိုင် ဖြေရှင်းပုံကို ပြောပြခဲ့ပါသည်။

စိန်အယ်မလီ ပြောကြားခဲ့သော "သွား၍ သင်တို့၌ ရှိသမျှနှင့် အကောင်း ပြုကြလော့ ” ဆိုသည့်အတိုင်း သီလရှင်သစ် သုံးပါးအား မြန်မာနိုင်ငံလုံးဆိုင်ရာ စိန်ဂျိုးဇက် သီလရှင် အသင်းဂိုဏ်း အကြီးအကဲ Sr. Madagline Lim မှ စေလွှတ်ခြင်းပြုရာ၌ Sr.Veronica မာစိန်သည် မြစ်ကြီးနားသို့လည်းကောင်း၊ Sr.Theresa Ja Seng Nan သည် မန္တလေးသို့လည်းကောင်း၊ Sr. Lucy ဒမ်ဒိတ်ဟောက်သည် ဇော်ဂျီသို့ ၎င်း အသီး သီး တာဝန်ပေးအပ်ခြင်းကို ခံရပါသည်။

Pinky (MDY-OSC / RVA Myanmar)

# ဟားခါးမြို့ပေါ်ကက်သလစ်လူငယ်များ၏ အထူးမစ္ဆားတရား

ဟားခါးမြို့ပေါ်နေ ကက်သလစ် လူငယ်များ၏ အတူတကွစုပေါင်း၍ အထူးမစ္ဆားတရားကို ၂၀၁၉ ခုနှစ်၊ ဇွန် (၁၆)ရက်၊ တနင်္ဂနွေနေ့ မွန်းလွဲ ၁း၀၀ နာရီအချိန်တွင် ဟားခါးမြို့ စိန့်ဂျိုးဇက်ကက်သီဒြယ်၌ ကျင်းပပါသည်။

လူငယ်များအတွက် အထူးမစ္ဆားကိုဟားခါးမြို့ စိန့်ဂျိုးဇက်ကယ်သီဒြယ်လက်ထောက်ဘုန်းတော်ကြီး Fr. David Kap Cin Mang နှင့် ဟားခါးမြို့ကျောဘုတ် ရပ်ကွက်၌ရှိသော St. Padre Pios' Minor ကျောင်းမှ စာချဘုန်းကြီး Fr. Peter Thang Ki Mang တို့ကလူငယ်များသာသနာတိုးတက်ရေးအတွက် ပါဝင်ဆောင်ရွက်နိုင်ရန်နှင့် မြန်မာနိုင်ငံကက်သလစ်လူငယ်များနှင့် တစ်လုံးတစ်ဝတည်းဖြစ်နိုင်ရန် အတွက် ပူဇော်ပေးခဲ့ကြပါသည်။

မစ္ဆားတရားတော်၌ Fr. Peter က "ယနေ့သည် ပုဂ္ဂိုလ်သုံးပါးဘုရားတစ်ဆူပွဲနေ့ကျင်းပသည့်နေ့ဖြစ်ပါသည်။ ဤနေ့တွင် ဟားခါးမြို့ပေါ်ရှိ ကက်သလစ်လူငယ်များ တစ်လုံးတစ်ဝတည်းဖြစ်ရေးကို ဦးတည်လျက်မစ္ဆားပူဇော်ခြင်း အခမ်းအနားကျင်းပရခြင်းမှာ အလွန်သင့်လျော်ပါသည်ဟု မြင်မိပါသည်။ အဘယ်ကြောင့်ဆိုသော် ဘုရားသခင်ဟူသည် ဖန်ဆင်းရှင်အဖဘုရား၊ကယ်တင်ရှင်သားတော်ယေရှု၊ သန့်စင်စေသည့် သန့်ရှင်းသော ဝိညာဉ်တော် စသည့်ပုဂ္ဂိုလ်သုံးပါးတို့ တစ်လုံးတစ်ဝတည်း ပေါင်းစပ်ခြင်းဖြင့် ဖြစ်ပေါ်လာသော အမည်နာမဖြစ်ပါသည်။ ပုဂ္ဂိုလ်တော်အားဖြင့် မတူညီကြသော်လည်း ဘုရားအဖြစ်တော်၌ တူညီကြပြီး တစ်လုံးတစ်ဝတည်းပေါင်းစပ်ကြသည်။

ထိုနည်းတူ ဟားခါးကက်သလစ်လူငယ်များသည်လည်း အသက် အရွယ်၊ ဇာတိမြို့ / ရွာအကျင့်စရိုက်အားဖြင့်မတူညီကြသော်လည်း ဟားခါးဖုံနယ်၏ ကက်သလစ်လူငယ်ဖြစ်ခြင်း၊ ဟားခါးသာသနာကက်သလစ်လူငယ်ဖြစ်ခြင်း၊ မြန်မာနိုင်ငံ ကက်သလစ်လူငယ်ဖြစ်ခြင်းစသည်တို့၌ တူညီပြီး တစ်ပေါင်းတစ်စည်း၊ တစ်လုံးတစ်ဝတည်းဖြစ်သောကြောင့်ဖြစ်သည်" ဟု ပြောကြားခဲ့ပါသည်။

ကက်သလစ် လူငယ်များ တစ်လုံးတစ်ဝတည်းဖြစ်ရေး အထူးမစ္ဆားတရားတွင် ဟားခါးမြို့ပေါ်ရှိ ရပ်ကွက်အသီးသီးမှ လူငယ်မောင်မယ်စုစုပေါင်း (၁၈၀) ကျော်ပါဝင်ပူဇော်လျက်ရှိပြီး မစ္ဆားတရား အပြီးတွင် ဟားခါး ကာသီဒြယ်လူငယ်မောင်မယ်များမှ ဧည့်ခံသောအချိုရည်နှင့် မုန့်တို့ကို ချစ်ခင်ရင်းနှီးစွာ အတူတကွ သုံးဆောင်ခဲ့ကြပါသည်။



ညနေပိုင်း ၂း၃၀ နာရီတွင် ၂၀၁၉ - ၂၀၂၁ ခုနှစ်အတွက် လူငယ်အဖွဲ့အမှုဆောင်သစ်များ ရွေးချယ်ခြင်းကိုဆက်လက်ပြုလုပ်ရာ - လူငယ်ဥက္ကဋ္ဌအဖြစ် Marcus Aung Tin Oo, ဒုဥက္ကဋ္ဌအဖြစ် Flawrence Ngun Nei Mawi, အတွင်းရေးမှူးအဖြစ် Dominic Mang Do Thang, တွဲဖက်အတွင်းရေးမှူးအဖြစ် Mary Zing Tha Sung, စာရင်းကိုင်နှင့် ဘဏ္ဍာထိန်းအဖြစ် Thomas Cin Sian Suan Khai နှင့် Rita Van Iang Meng နှင့် အဖွဲ့ဝင် (၁၀)ဦးတို့ကို ရွေးချယ်ခဲ့ကြောင်း Hakha RVA မှ Lucy Zing Chin Par က သတင်းပို့ပါသည်။

နော်ဘတ်ကျော်လင်း
OSC ၊ ဟားခါး

# ဆုမ်ဟရန်းရွာတွင် ဘုရားရှိခိုးကျောင်းသစ်ဖွင့်ပွဲကျင်းပခြင်း



ဟားခါးသာသနာ၊ ဖလမ်းဖုံနယ်၊ လဲန်သဲစီရင်စု၊ ဆုမ်ဟရမ်းရွာတွင် အသစ်ဆောက်လုပ်ထားခဲ့သော " Divine Mercy Chapel" အား ဟားခါးသာသနာပိုင် ဆရာတော်ကြီး lucius Hre Kung မှ ၂၀၁၉ ခုနှစ်၊ ဇွန်လ ၂ ရက်၊ တနင်္ဂနွေနေ့ နံနက် (၁၀း၀၀) နာရီ အချိန်တွင် ကောင်းချီးပေးဖွင့်လှစ်ပေးခဲ့ပါသည်။

အဆိုပါ Chapel သစ်ဖွင့်လှစ်ပွဲတွင် ဖလမ်းဖုံနယ် တာဝန်ခံဘုန်းတော်ကြီး Rev.Fr. Francis Lan Swan, Lente ကျောင်းထိုင်ဘုန်းတော်ကြီး Rev. Fr. Augustine Mang Ceu ဦးဆောင်သော ဟားခါးဖုံနယ်၊ ဖလမ်းဖုံနယ်နှင့် အခြားဖုံနယ်မှ ဘုန်းတော်ကြီးများ (၁၀)ပါး၊ သီလရှင်(၆)ပါး၊ ဖလမ်းဖုံ RVA မှ တာဝန်ရှိ ဝန်းထမ်းများ၊ ဟားခါး RVA မှတာဝန်ရှိဝန်ထမ်းများ၊ လဲန်သဲစီရင်စု အတွင်းရှိဘာသာဝင်များနှင့် အနီးအနား ကျေးရွာများမှ ဘာသာဝင်များနှင့် အနီးအနားကျေးရွာများမှ ဘာသာဝင်များနှင့် ဓမ္မမိတ်ဆွေများ၊ လေ့လာသူများနှင့် အထူးဖိတ်ကြားထားသူများ စုစုပေါင်း (၃၀၀)ကျော်ပါဝင်ခဲ့ကြပါသည်။

ဆရာတော်ကြီး ဆုမ်ဟရမ်းရွာသို့ ရောက်ရှိချိန်တွင် ဖလမ်းဖုံနယ်တာဝန်ခံဘုန်းတော်ကြီးနှင့် လဲန်သဲ ကျောင်းထိုင်ဘုန်းတော်ကြီးတို့ ဦးဆောင်လျက် ဘုန်းတော်ကြီးများ၊ သီလရှင်များ၊ ရွာသူရွာသားများ၊ ဘာသာဝင်များနှင့် လူထုပရိသတ်စုစုပေါင်း (၃၀၀) ကျော်တို့က တခဲနက်ဩဘာပေးလျက် လှိုက်လှိုက်လှဲလှဲ ကြိုဆိုသူများအား တစ်ဦးချင်းလိုက်လံ နှုတ်ဆက်ပြီး အားပေးစကားပြောခဲ့ပါသည်။

ဆရာတော်ကြီးသည် ဘုန်းတော်ကြီးများခြံရံလျက် ဘုရားကျောင်းသစ်နှင့် ဘာသာဝင်များအားလုံးအတွက် မစ္ဆားပူဇော်ပေးခဲ့ပါသည်။ ဆရာတော်ကြီးမှ ဩဝါဒပေးရာတွင် ဘာသာဝင်များအား ဝိညာဉ်ရေး တွင် ကြိုးစားအားထုတ်ရန်၊ အခြားယုံကြည်သူများနှင့် ချစ်ခင်ရင်းနှီးစွာ ပေါင်းသင်းဆက်ဆံရန် စသည်ဖြင့် အားပေးစကားပြောကြားပါသည်။

ဆရာတော်ကြီးနှင့် အဖွဲ့အား Lente ဘာသာဝင်များမှတည်ခင်းပေးသော နေ့လည်ဆွမ်းကို ဘာသာဝင်များနှင့် အတူတကွ ပျော်ရွှင်စွာသုံးဆောင်ပြီး ညနေပိုင်းတွင် ဆရာတော်ကြီးသည် CBCM အစည်းအဝေးသို့ တက်ရောက်ရန် ဝေဘုလသို့ခရီးဆက်ခဲ့ကြောင်း ဟားခါး RVA မှ တာဝန်ရှိသူ Miss Lucy ထံမှ သတင်းရရှိ ပါသည်။

နော်ဘတ်ကျော်လင်း
OSC-Hakha



# စိန့်ပီတာ Day Special ကျောင်း ၂၀၁၉ ပညာသင်နှစ် စတင်ဖွင့်လှစ်ခြင်း



၂၀၁၉-၂၀၂၀ ပညာသင်နှစ်ပုသိမ် St.Peter Cathedral ကျောင်းဝင်း အတွင်း Day special ကျောင်းတွင် တက္ကသိုလ်ဝင် စာမေးပွဲကိုဖြေဆိုရန် လာရောက်ပညာသင် ကြားနေကြသော ကျောင်းသူကျောင်းသား များအတွက်၂၀၁၉ ဂျွန်လ (၂၀) ကြာသပတေးနေ့ မနက်(၁၀)နာရီတွင်စတင်ဖွင့်လှစ်နေပြီးဖြစ် ပါသည်။

စာပေသင်ကြားခြင်း မစတင်မီ ကျောင်းသား/သူများနှင့် ဆရာ/မများ၊ တာဝန်ရှိ အကြီးအကဲများ တွေ့ဆုံခြင်း၊ မိတ်ဆက်ခြင်း၊ လိုက်နာရမည့် စည်းကမ်းများ ချပြခြင်း၊ တက္ကသိုလ်ဝင်စာမေးပွဲကို အောင်မြင်ကျော်လွှား နိုင်ကြစေရေးအတွက် တာဝန်ရှိ အကြီးအကဲများ၊ ဆရာဆရာမများမှ စိတ်ဓါတ်ခွန်အားပေးခြင်းများ အသီးသီး ပြောကြားပေးခဲ့ပါသည်။

Day Special ကျောင်းကို (၂၀၀၂) ခုနှစ်တွင် စတင်ဖွင့်လှစ်ခဲ့သည်မှ ယနေ့ အထိပင်ဖြစ်ပါသည်။ ဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်မှာ တက္ကသိုလ်ဝင်စာမေးပွဲကို ၂ နှစ် ဖြေဆိုပြီးသော်လည်း အောင်မြင်ခြင်း နှင့်လွဲချော်ခဲ့ရသည့် အနယ်နယ်အရပ်ရပ်မှ ကက်သလစ်ဘာသာဝင် သားသမီးများ သင့်တင့်သော ဈေးနှုန်းဖြင့် ဆက်လက် ပညာသင်ကြားနိုင်ရေးအတွက် ရည်ရွယ်ကာ ဖွင့်လှစ် ပေးခြင်းဖြစ်ပါသည်။

ယခုနှစ် ပညာလာ ရောက်သင်ကြားနေသော ကျောင်းသား/သူ (၄၂) ဦး ရှိကြောင်း သိရှိရပါသည်။

Pathein-Osc

# ကျောင်းထိုင်ဘုန်းတော်ကြီး အသစ်အား ကြိုဆို နှုတ်ဆက်



ပုသိမ်ကက်သလစ်သာသနာ စိန့်ပီတယ် ကာသီဒြယ်သို့ အသစ်ရောက်ရှိလာသော ကျောင်းထိုင် ဘုန်းတော်ကြီး ဖိလစ်စိုးဝင်း၊ လက်ထောက် ဘုန်းတော်ကြီးဂျက်စတင်း မင်းသစ်လွင်တို့နှင့် ပုသိမ်-စိန့်ဗင်းဆင်းဒီပေါလ် အသင်းဝင်များသည် ၂၀၁၉ ဇွန်လ (၆) ရက်နေ့၌ စိန့်ဗင်းဆင်း ဒီပေါလ် ရုံးခန်းတွင် တွေ့ဆုံနှုတ်ဆက် ဂါရဝ ပြုခဲ့ကြပါသည်။

နန့်ဂျူလိုင်အေး(ပုသိမ်)

# ဓမ္မဆရာ ဆရာမများပွဲနေ့ကျင်းပ



ပုသိမ်ဂိုဏ်းအုပ် ဆရာတော်ပိုင်-ပုသိမ်ကက်သလစ် သာသနာ သာသနာ့ခန်းမဆောင်တွင် ၂၀၁၉ ဇွန်လ (၉)ရက်နေ့ တွင် ဓမ္မဆရာ ဆရာမများပွဲနေ့ ကျင်းပပါသည်။ ထိုနေ့နံနက် (၉) နာရီတွင် မစ္ဆားတရားတော်မြတ်၌ ကျောင်းထိုင် ဘုန်းတော်ကြီး ဖိလစ်စိုးဝင်းနှင့် ရဟန်းတော်များမှ မစ္ဆားတရား တင်ပူဇော်ပေး မစ္ဆားအတွင်းတွင် ဓမ္မဆရာ၊ ဆရာမများအတွက် စုပေါင်းဆုတောင်းပေးခဲ့ကြပါသည်။

မစ္ဆားအပြီးတွင် သာသနာ့ခန်းမဆောင်၌ အခမ်းအနား ဆက်လက် ကျင်းပရာ ဦးစွာ ကျောင်းထိုင် ဘုန်းတော်ကြီးမှ အဖွင့်ဆုတောင်းမေတ္တာဖြင့် စတင်ပေး ၍ အမှာစကား မြွက်ကြားပေးပါသည်။

ထို့နောက် ဓမ္မဆရာမ ဒေါ်အဲလာမှ အမှာစကားပြောကြားပြီး မိမိတို့၏ ဆောင်ရွက်ချက်များကို တင်ပြခဲ့ပါသည်။

ဆက်လက်၍ ဓမ္မဆရာ၊ ဆရာမများအား တက်ရောက်လာကြသည့် ဓမ္မမိတ်ဆွေများမှ ဂုဏ်ပြုနှုတ်ဆက် ခဲ့ကြပါသည်။ ဓမ္မဆရာ ဦးသာဌေးမှ ကျေးဇူးတင်စကား ပြောကြားပြီး ဘုန်းတော်ကြီးများ၏ ကောင်းချီးတော်ကို ခံယူ၍ အခမ်းအနားကို အဆုံးသတ်ခဲ့ကြပါသည်။

နန့်ဂျူလိုင်အေး (ပုသိမ်)

# ယုံကြည်ခြင်းအတွက်၊ ဧဝံဂေလိတရားအတွက် ကျသောသွေးသည် မည်သည့်အခါမျှ အချည်းအနှီး မဖြစ်



"ကျွန်တော်တို့တတွေ တိတ်တဆိတ် ပုန်းအောင်းနေရတာ ခြောက်နှစ်တောင်ရှိခဲ့လေပြီ။ စစ်ပွဲကြီးကလည်း မပြီးဆုံးနိုင်။ ကြမ်းလိုက်တဲ့တိုက်ဘဝ ပြောပြဖို့ တောင်စကားမရှိတော့ပြီ။ ကိုလိုနီအင်္ဂလိပ်တွေက ရသမျှအကုန်ယူသွားကြပြီ။ စစ်ပွဲတွေနဲ့ ဆင်းရဲခြင်းတွေသာ ထားခဲ့တာလေ။ အခု ဂျပန်တွေရောက်လာပြန်ပြီ။ ကျွန်တော်တို့တွေ တောထဲကို ပြေးရပြန်ပြီပေါ့။ အဝတ်တစ်ထည် ကိုယ်တစ်ခုနဲ့ ပြေးရတာ ဘာကိုမှ ယူသွားလို့မရလိုက်။ အသက်မသေဖို့က ပိုအရေးကြီးသကိုး...။ အဲဒီအချိန်တွေမှာ ချက်စရာဆီတစက်မရှိ၊ စားစရာဆန်က မလောက်ငှ၊ ပေါင်မုန့်ဆိုတာကတော့ အိမ်မက်ထဲတောင် ထည့်မမက်နိုင်။ ဆားကလည်း ရှာဝယ်လို့မရ။ အဝတ်မရှိလို့ ဂုံနီအိပ်တွေကို ဖောက်ပြီး ဝတ်ခဲ့ရတယ်လေ။ လမ်းပန်း ဆက်သွယ်ရေးကလည်း ပျက်တောက်။ လဲလှယ်ရောင်းချဖို့ ကလည်း နေရာမရှိ၊ ဈေးတွေပိတ် ဒုက္ခအတိဖြစ်ခဲ့ရတဲ့ဘဝလေ။ ရေသောက် ဗိုက်မောက်ပြီး အိပ်ခဲ့ရတဲ့နေ့တွေကလည်း မနည်းလှ။ ဒါပေမဲ့ ဘုရားသခင်ရဲ့ ဂရုဏာကြောင့် ကျွန်တော်နဲ့ ကျွန်တော့ ဘာသာသူတွေ အသက်မသေပဲ ရှာပြန်နိုင်ခဲ့ကြတယ်လေ..." (၁၉၄၆ ခုနှစ်၊ ဖေဖဝါရီလ ၂၀ ရက်)

၂၀၁၉ ခုနှစ်၊ မတ်လ ၁၉ ရက်နေ့တွင် ရဟန်းမင်းကြီးဖရန်စစ်သည် အသင်းတော်အတွက်၊ ယုံကြည်ခြင်းအတွက် အသက်ပေးခဲ့သော ဘုန်းတော်ကြီး (Padre Alfredo Cremonesi ) ကို သူတော်စဉ် (Beato) အဖြစ်တင်မြှောက်ရန် အတည်ပြုသော သဝဏ်လွှာကို ပီမေ (PIME) အသင်းဂိုဏ်းသို့ပေးပို့လာသည်။ ၁၉၅၃ ခုနှစ် ဖေဖော်ဝါရီလ ၁၂ ရက်နေ့တွင် ဘုန်းတော်ကြီးမှာ လွိုင်ကော်သာသနာပိုင် ဒေါနိုခူ တိုက်နယ်တွင် ယုံကြည်ခြင်းအတွက်၊ တရားမျှတခြင်းအတွက် အသက်စွန့်ခဲ့ရသည်။ ဘုန်းတော်ကြီး ခရေမိုနေဇီကို အောက်တိုဘာလတွင် သူတော်စဉ်အဖြစ် တင်မြှောက်မည်ဖြစ်ပါသည်။

၁၉၀၂ ခုနှစ်၊ မေလ ၁၅ ရက်နေ့တွင် ဘုန်းတော်ကြီး အာဖရက်ဒို ခရေမိုနေဇီကို Ripalta Guerina (Cremona) တွင် မွေးဖွားခဲ့သည်။ ဘုန်းတော်ကြီးအာဖရက်ဒို ခရေမိုနေဇီသည် ဘုရားတရားကြည်ညိုသော မိသားစု အသိုင်းအဝိုင်းမှ မွေးဖွားကြီးပြင်းခဲ့သည်။ ငယ်စဉ်က ကျန်းမာရေးချူချာလှသည်။ သူ၏ဖခင်မှာ သာသနာပြုဘဝ အဖြစ် ရွေးချယ်ခဲ့ခြင်းကို မနှစ်မြို့ခဲ့ပါ။ ၁၉၂၂ ခုနှစ်၊ အောက်တိုဘာလတွင် သူ့မိခင်၏ အကူအညီဖြင့် ပီးမေ မစ်ရှင်နရီ (PIME) ရဟန်းဖြစ်ကျောင်းသို့ဝင်ရောက်ခဲ့သည်။ အာဖရက်ဒိုမှာ သင်ယူစိတ်ပြင်းပြသူ၊ စွန့်စားချင်သူ၊ လုပ်ရဲကိုင်ရဲ ရှိသူဖြစ်သည်။ သူသည် စာရေးခြင်းကိုလည်း ဝါသနာထုံသူဖြစ်သည်။ သူ၏ကဗျာစာပေ၊ ဆောင်းပါးများကို ကက်သလစ် ခရစ်ယာန်အသင်းတော်ပိုင် သတင်းစာများ ဂျာနယ်များတွင် မကြာခဏဖော်ပြခြင်းခံခဲ့ရသည်။

၁၉၂၄ ခုနှစ်၊ အောက်တိုဘာလ ၁၂ ရက်နေ့တွင် ရဟန်းသိက္ခာကိုခံယူခဲ့သည်။ တစ်နှစ်ကြာပြီးနောက် မြန်မာနိုင်ငံသို့ ထွက်ခွါခဲ့သည်။ သူ၏အသက်မှာ ၂၃ နှစ်သာရှိသေးသည်။ မထွက်ခွာခင် သူ့မိသားစုနှင့် သူငယ်ချင်းများကို အပြီးအပိုင်နှုတ်ဆက်ကာ ဝေးလံခေါင်ပါးသော တောင်ငူသို့ ခရီးနှင်ရန် ဂျေနိုဘာ ဆိပ်ကမ်းသို့ထွက်ခွါခဲ့သည်။ ၁၉၂၅ ခုနှစ်၊ နိုဝင်ဘာလ ၁၀ ရက်နေ့တွင် တောင်ငူသို့ရောက်ခဲ့သည်။ သာသနာပြုတွေအားလုံးရဲ့ပထမဦးဆုံး ဒုက္ခကား ဘာသာစကားနှင့် ယဉ်ကျေးမှု မတူတဲ့ ပြဿနာဖြစ်သည်။ ရောက်ရောက်ခြင်းတစ်နှစ်မှာပင် ဘာသာစကားကိုကောင်းကောင်းသင်ယူပြီး လူနေမှုပုံစံကို စတင်ကာ ပြောင်းလည်းခဲ့ရသည်။ ထို့နောက် သာသနာအမှုတော်ကိုလုပ်ဆောင်ခဲ့သည်။ တောင်ငူတွင် နေစဉ်အတွင်း ကရင်နှင့်၊ ကရင်နီလူမျိုးများရှိရာ ရိုးမတောင်တန်းဒေသတွင် သာသနာပြုချင်စိတ်များ တဖွဲဖွဲဖြစ်ခဲ့သည်။ သူ့၏အိပ်မက်သည် အစစ်ဖြစ်လာခဲ့သည်။ သာသနာပိုင်ဆရာတော်မှ သူ့အား ဝေးလံခေါင်ဝေးသော တောင်တန်းများအကြားတွင်ရှိ ဒေါနိုခူ ကျေးရွာသို့ပို့ခဲ့သည်။ ၄င်းဒေသမှာ ထိုအချိန်က လမ်းပန်းဆက်သွယ်ရေး တော်တော်ခက်ခဲသည်။ ဘာသာသူများရှိရာ ကျေးရွာများသို့ သွားရောက်ရာတွင် ခြေကျင်ဖြင့် ငါးနာရီကျော်လောက် လျှောက်ရသည်။ နေ့ချင်းတွင်း သာသနာသို့ ပြန်ဖို့ကမဖြစ်နိုင်။ ထို့ကြောင့် နယ်လှည့်ထွက်ပါက စားစရာ သောက်စရာ အပြည့်ထည့်သွားရသည်။ သို့မဟုတ်ပါက ထမင်းငတ်ဖို့က သေချာသည်။

သာသနာပြုလုပ်ငန်းမှာ စိတ်အားထက်သန် တက်ကြွတဲ့သူ ဖြစ်လင့်ကစား စိတ် ဓါတ်ကျခဲ့ရတဲ့နေ့တွေရှိခဲ့ပါသည်။ သူ၏ စာတစ်စောင်တွင် ယခုကဲ့သို့ရေးခဲ့သည်။ "အမှန်တိုင်းပြောရရင် ကလေးတစ်ယောက်လို ငိုခဲ့ရတဲ့ နေ့တွေကမနည်း။ ဆင်းရဲပြီး သနားစရာကောင်းတဲ့ ဒီလူတွေအတွက် အကောင်းဆုံး လုပ်ပေးချင်ပေမဲ့ အကြောင်းအမျိုးမျိုးကြောင့် အထမမြောက်ခဲ့၊ နိုင်ငံရေးလူမှုရေးပြဿနာတွေက ရှင်းလို့မနိုင်။ အဲဒါကြောင့် ဘာကိုမှ လုပ်လို့မရတဲ့ဘဝနဲ့ အသက်ရှင်ခြင်းထက် သေတာမှ ကောင်းဦးမယ်လို့တောင် ဆုတောင်းမိပါရဲ့"။ ဒါကတော့ လူငယ် သာသနာပြု ပေါက်စရဲ့ ကိုယ့်ကိုကိုယ်အားမရတဲ့ အခြေအနေပေါ့။ ဤအခြေအနေတွင် ဆုတောင်းခြင်းသာ အကောင်းဆုံး သာသနာပြုခြင်း ဖြစ်သည်ကို နားလည် သဘောပေါက်ကာ ကိုယ်တော်မြတ်ဖူးမျှော်ခြင်းကို နာရီပေါင်းမြောက်များစွာပြုလုပ်ခဲ့သည်။ အထူးသဖြင့် ညအချိန်တွင် ကိုယ်တော်မြတ်စက္ကရမင်တူး အရှေ့တွင်သာ အချိန်ကုန်ဆုံးခဲ့သည်။

ယခုကဲ့သိုရှုန်းကန်နေရင်း ဆယ်နှစ်ကို တင်းတင်းပြည့်ခဲ့ပြီ။ သူ၏စာတစ်စောင်တွင် ဤကဲ့သိုရေးထားသည်။ ကိုယ့်ကိုကိုယ်မေးခွန်းတွေ မေးမိပါရဲ့ " ငါဘာတွေလုပ် ခဲ့ပြီးပြီးလဲ၊ ဘာကြောင့် ငါဒီနေရာမှာ ရှိနေရတာလဲ"။ ဒီကြားထဲ ရာသီဥတုအခြေအနေတွေကြောင့် ကျန်းမာရေးက ချူချာလာသည်။ အဲ့ဒီအချိန်တွင် သူ၏အသက်မှာ ၃၅ နှစ်သာရှိသေးသည်။ သူတဖြည်းဖြည်း နားလည်လာသည်က သာသနာပြုတစ်ယောက်၏ဘဝသည် သာမညသာ ဖြစ်သည်။ ခရစ်တော်မပါလျှင် ဘာမှမတတ်နိုင်။ သာသနာပြုတိုင်းသည် ဘုရားသခင်၏ လုပ်ငန်းစဉ်၌ သနားဂရုဏာကြောင့် ပါဝင်ခွင့်ရနေသောဘုရားသခင်၏လက်သုံးခံတောင်မွေးသဖွယ်သာဖြစ်သည်။ ကျွန်ုပ်တို့၏ တာဝန်မှာ ဒေသနာတော် သတင်းကောင်းကိုမျှဝေပေးပြီး၊ မိမိယုံကြည်ခြင်းကို လူအများအရှေ့တွင် သက်သေခံဖို့သာ ဖြစ်သည်။ ဘာသာသူသိုးစုနှင့်အတူ ဒုက္ခအခက်အခဲများကို အတူတကွ ကျော်လွှားခြင်းသည် သာလျှင် ကောင်းသော သက်သေခံမှု တစ်ခုဖြစ်သည်။ အားငယ်နေသူများကို ဖေးမပေးခြင်း၊ မျှော်လင့်ခြင်းမဲ့သူများကို အားဖြည့် ပေးခြင်းသည်လည်း အကောင်းဆုံးသော သာသနာပြုခြင်းဖြစ်သည်။ ဘုရားကျောင်းများများ ဆောက်နိုင်မှ၊ ဘော်ဒါကျောင်း တွေဆောက်ပေးနိုင်မှ အောင်မြင်သော သာသနာပြုခြင်းမဟုတ်ပါ။

ဤကဲ့သို့ မိမိဘဝအခြေအနေကို နားလည် သဘောပေါက်ပြီး မိမိ၏အလိုတော်အတိုင်း မဟုတ်ပဲ ဘုရားသခင်၏ အလိုတော်အတိုင်း လျှောက်လှမ်းအသက်ရှင်ကာ သာသနာပြုခြင်းကို ပျော်ပျော်ရွှင်ရွှင် သူ၏သိုးစုနဲ့အတူ အေးအတူပူအမျှ ဝေမျှခံစားခဲ့သည်။ ဒို့ကြောင့်သူ့ကို " အပြီးပိုင်ရှင် ကိုယ်တော်" လို့တင်စားခံခဲ့ရသည်။ မကြာခင် အတွင်းမှာတွင် ဒုတိယကမ္ဘာစစ်ကြီးက မြန်မာပြည်သို့ ကူးစက်လာခဲ့သည်။ ဂျပန်တပ်မတော်ကြီးက မြန်မာပြည်အတွင်း ချင်းနင်းဝင်ရောက်ခဲ့သည်။ ကိုလိုနီပြီးတိလျှများက သာသနာပြုများကို အန္တိယသို့ခေါ်ဆောင်သွားခဲ့သည်။ သို့သော်တောင်ပေါ်ဒေသတွင် ဆယ်နှစ်ကျော်နေထိုင်ဖူးပြီး သက်ကြီးရွယ်အို သာသနာပြုများ ကျန်ရစ်စေခဲ့သည်။ ၄င်းအထဲတွင် ဖာသာရ် ခရေမိုနေ့ဇီလည်း အပါအဝင်ပါ။ ဘာသာတူသိုးစု ဒုက္ခအခက်အခဲကို အတူတကွ ကျော်ဖြတ်ရန် စိတ်ဆုံးဖြတ်ကာ မြန်မာပြည်တွင် ကျန်နေခဲ့ရန် ဆုံးဖြတ်ခဲ့သည်။ ဤအချိန်တွေဟာ သူ့အတွက်အခက်ခဲဆုံး အချိန်တွေ ဖြစ်ခဲ့သည်။ မည်သည့် အဆက်အသွယ်မှမရ၊ မည်သည့်အကူအညီမရ ဒုက္ခအတိ ဖြစ်ခဲ့ရသောကာလတွေ ဖြစ်ခဲ့သည်။ အစားအသောက် ဆေးဝါးမရှိ သဘာဝ သစ်ဖုသစ်ဥတွေကို အစားအစာအဖြစ် စားသုံးခဲ့ရသည်။ ကြာလာ သည်နှင့်အမျှ သူနှင့် သူ၏သိုးစုများမှာ အားနည်းလာပြီး အဖျားအနာများပေါလာ ခဲ့သည်။

၁၉၄၃ ခုနှစ် စက်တင်ဘာလ ၈ ရက်နေ့တိုင် အီတလီနှင့် ဂျပန်နိုင်ငံတို့မှာ မဟာမိတ် ဖြစ်ခဲ့သော်လည်း နောက်ပိုင်းတွင် အဆိုးဝါးဆုံး ရန်သူအဖြစ် အသွင်ပြောင်းခဲ့သည်။ ထိုကာလတွင် အီတလီ မစ်ရှင်နရီများကို ဂျပန်အစိုးရက နှိပ်စက်ညင်းပန်းခဲ့သည်။ အချိန်တိုအတွင်းမှာ လွိုင်ကော်တစ်ခွင်ကို အရှိန်အဟုန်မြန်စွာ ဂျပန်တို့စီးနင်းဝင်ရောက် ခဲ့သည်။ ဖာသာရ် ခရေမိုနေဇီနှင့် သူလူတို့မှာ စစ်ရှောင်ရန်အချိန် မရလိုက် နီးစပ်ရာတောထဲကိုသာ အပြေးအလွှား ရှောင်ပုံးခဲ့ရသည်။ ဂျပန်တို့စစ်တပ်မှ ကျွဲ၊ နွား ၊ ကြက်၊ ဝက် ရရာပစ္စည်းအကုန် ယူဆောင်သွားကြသည်။ စစ်ရှောင်ဖို့ရာ မလွယ်ကူတော့၊ ပြေးစရာ နေရာကမရှိ။ နောက်ဆုံး သူနှင့် သူ၏သိုးစုမှ ဤနေရာတွင် စစ်ဒဏ်ကို အံတုရင်း ထိုဒေသတွင် ဆက်လက်နေထိုင်ဖို့ အစီစဉ်ဆွဲခဲ့ကြသည်။ ကျေးဇူးတော်ကြောင့် မည်သူ တစ်ဦးတစ်



# ပုသိမ်ဂိုဏ်းအုပ်သာသနာမှ ရဟန်းတော်များ၏ မွမ်းမံသင်တန်းနှင့် (၄) လပတ် ဝတ်စောင့်ခြင်း



ပုသိမ်ဂိုဏ်းအုပ်သာသနာ၊ ရဟန်းတော်များ၏ မွမ်းမံသင်တန်းကို ဇွန်လ ၂၅ ရက်နေ့ တွင်စတင်ခဲ့ပါသည်။

နံနက် ၆ နာရီတွင် အဖဆရာတော် ဂျွန်မန်းဆိန်းဟိုမှ မစ္ဆားတရားတော်ကို ဦးဆောင်ပူဇော်ခဲ့ပြီး နံနက် ၈:၃၀ အချိန်မှစ၍ Fr.Henry စိန်ကိုကို မှ စိန့်ဩဂုတ်စတင်း၏ ဇီလော်ဆော်ဖီ အကြောင်းကို ဝေမျှပို့ချခဲ့ပါသည်။ ညနေပိုင်းအချိန်တွင် Fr. Florence အောင်ကျော်ဦးမှ Confession အကြောင်းကို ဆက်လက်ဝေမျှပေးခဲ့ပါသည်။ ဆက်လက်ပြီး ဇွန်လ ၂၆-၂၇ ရက်နေ့များတွင် Fr. Benjamin အိုင်ဆူးမှ City of God ခေါင်းစဉ်ဖြင့်လည်းကောင်း၊ Fr.Florence အောင်ကျော်ဦးမှ Doct တ်စောင့်ခြ ခေါင်းစဉ်ဖြင့်လည်းကောင်း၊ ဆက်လက်ဝေမျှပို့ချသွားပြီး ဇွန်လ၂၈ ရက်နေ့တွင် ရဟန်းတော်များ၏ (၄)လပတ် ဝတ်စောင့်ခြင်းကိုပြုလုပ်ခဲ့ကြပါသည်။ ဤမွမ်းမံသင်တန်းတွင် " Theology of St. Augustine " ခေါင်းစဉ်ဖြင့် ရွေးချယ်ကာ ပါဝင်တက်ရောက်သူ ရဟန်းတော်များ၊ SFX သီလရှင်များ ၇၀ ကျော် တက်ရောက်ကြောင်း သတင်းရရှိပါသည်။

OSC Pathein

# ယေရှုးရွှေနှလုံးတော် ရဟန်းဖြစ်သင်ကျောင်း ပွဲတော်ကျင်းပခြင်း



၂၀၁၉ခုနှစ်၊ ဇွန်လ ၂၂ ရက်နေ့ နံနက် ၉ နာရီမှ ၁၁နာရီထိ ယေရှုးရွှေနှလုံးတော်ပွဲကို ယေရှုးရွှေနှလုံးတော် ရဟန်းဖြစ်သင်ကျောင်း ပုသိမ် မရမ်းချောင်းတွင် ပြုလုပ်ကျင်းပခဲ့ပါသည်။ ပွဲတော်ကို ယေရှုးရွှေနှလုံးတော်အကြောင်း သိကောင်းစရာ ဝေမျှယှဉ်ပြိုင်ခြင်းနှင့် ဂျူးဝတ်စုံ ဝတ်ဆင်ကာ ယှဉ်ပြိုင်ခြင်းများဖြင့် ပွဲတော်ကိုစည်ကားစွာ ကျင်းပခဲ့ကြောင်း၊ ပြိုင်ပွဲဝင်များမှာ S.F.X စစ္စတာရ်လောင်းများ၊ Postulant များ၊ဝင်လိုသူများ၊S.F.Xဘရာသာရ်လောင်းများ၊ ရဟန်းလောင်း ကျောင်းသားများ၊ စိန်ပေါလ်ကျောင်းသားများ၊ St. John Paul II စစ္စတာရ်လောင်းများနှင့် ပုသိမ်လူငယ်များ အသီးသီးပြိုင်ပွဲဝင်ကြရာ၊ ယေရှုးရွှေနှလုံးတော်အကြောင်း ဝေမျှယှဉ်ပြိုင်ခြင်းတွင် S.F.X အသင်းဂိုဏ်းမှ Postulant နှင့် St. John Paul II အသင်းဂိုဏ်းမှ စစ္စတာရ်လောင်းများက ပူတွဲ ပထမဆုကိုလည်းကောင်း၊ S.F.X ဝင်လိုသူမှ ဒုတိယဆုကိုလည်းကောင်းဂျူးရိုးရာဝတ်စုံပွဲတွင် ပထမဆုကို S.F.X Postulant၊ ဒုတိယဆုကို S.F.X စစ္စတာရ်လောင်းများနှင့် တတိယဆုကို ပုသိမ်လူငယ်အဖွဲ့မှ အသီးသီးရရှိသွားကြပါသည်။ ဤပွဲကို ပုသိမ် မရမ်းချောင်း ယေရှုးရွှေနှလုံးတော် ရဟန်းဖြစ်သင်ကျောင်းမှ တာဝန်ထမ်းဆောင်နေကြသော ဘုန်းတော်ကြီးများမှ ဦးဆောင်ကျင်းပပြီး၊ ဤသို့ကျင်းပရခြင်း၏ ရည်ရွယ်ချက်မှာ သခင်ယေရှုးရွှေနှလုံးတော်၏ ချစ်ခြင်းမေတ္တာကို ပို၍သိရှိနားလည်စေရန်နှင့် ဂျူးတို့၏ ဝတ်စားဆင်ယင်မှုကို ဖော်ပြပေးကာ ဗဟုသုတရစေလိုခြင်းဖြစ်သည်။ ထို့အပြင် ပုသိမ်မရမ်းချောင်း ယေရှုးရွှေနှလုံးတော် ရဟန်းဖြစ်သင်ကျောင်းတွင် တာဝန်ထမ်းဆောင်ရန် အသစ်ရောက်ရှိ လာကြသော အကြီးအကဲများနှင့် ပညာသင်ကြားရန် အသစ်ရောက်လာကြသော ကျောင်းသားများအားကြိုဆိုမိတ်ဆက်ခြင်းနှင့် ကျောင်းအုပ်ဘုန်းတော်ကြီး Fr. မိုင်ကယ်ငွေဌေး၏ မွေးနေ့နှုတ်ဆက်ခြင်း အစီအစဉ်များလည်း ပြုလုပ်ကျင်းပကြောင်း သတင်းရရှိပါသည်။

Pathein-Osc

ယောက်မှ အသက်မသေခဲ့။ သူတို့နှင့် အိမ်နီးခြင်းရွာများမှာ မီးရှို့ခံခဲ့ရပြီး၊ မြောက်များသော ရွာသားများမှာ အသတ်ခံခဲ့ရသည်။ သို့သော် သူတို့ရွာတွင် စားစရာဘာတစ်ခုမှ မကျန်ခဲ့ပါ၊ ဂျပန်တွေ အကုန်သယ်သွားပြီး တကား။ ဆန်တပြည်၊ ကြက်တစ်ကောင်တောင် မချန်ခဲ့ အကုန်မသွားကြသည်။ ထိုအချိန်အတွင်း ရွာထဲကိုပြန်မဝင်ရဲ ဂျပန်ကောင်တွေက မထင်မှတ်ပဲ ရောက်လာတတ်လို့ပင်။ ရရာသစ်ဥ သစ်သီးဝလံများကိုစုကာ အစားအစာအဖြစ်ရှာဖွေ စားသောက်ခဲ့ရသည်မှာ စစ်ကြီးပြီးသည့်အထိတိုင်ပင်။

၁၉၄၅ ခုနှစ်တွင် ဂျပန်များထွက်သွားပြီး မြန်မာပြည်ကြီး အင်္ဂလိပ်တို့လက်မှ လွတ်လပ်ရေးရခဲ့သည်။ ဖာသာရ် ခရေမိုနေဇီသည် ဒေါ်နိုခူသို့ ပြန်လာနိုင်ခဲ့သည်။ စစ်ဒဏ်ကြောင့်ပျက်စီးခဲ့သော အဆောက်အဦးများကို ပြန်လည် မွမ်းမံခဲ့သည်။အပျက်အစီးများမှာ တစချင်းပြန်ကောက်ယူရသည့် အခြေအနေထိတိုင် ဖြစ်ခဲ့သည်။ သာသနာပြုလုပ်ငန်းကိုအစကနေပြန်လည်အကောင်အထည်ဖော်ခဲ့ရသည်။ ပထမအနေနဲ့ စာသင်ကျောင်းတွေအမြန်ပြန် လည်ဆောက်ခဲ့ရသည်။ ဘုရားစကားသင်ခြင်း၊ အင်္ဂလိပ်စာသင်ပေးခြင်း၊ လူမမာများကိုဆေးကုပေးခြင်း စသည့် သာသနာပြုလုပ်ငန်းများကို တဖြည်းဖြည်းခြင်း ပြန်လည်အသက်သွင်းနိုင်ခဲ့သည်။ မကြာလိုက်ပါ ပြဿနာအသစ်က ပေါ်လာပြန်သည်။ မြန်မာပြည်အစိုးရနှင့်ကရင်နီတိုင်းရင်းသား လက်နက်ကိုင်တို့၏ ပဋိပက္ခများကြီးပွားလာပြီး လက်နက်ကိုင်တိုက်ပွဲများ မကြာခဏ ဖြစ်ပေါ်လာခဲ့သည်။ ထိုအချိန်တွင် ဖာသာရ်ခရေမိုနေဇီသည် လက်နက်ကိုင် ဆွဲတိုက်ပွဲဝင်ခြင်းကို အားမပေးပဲ ညှိနှိုင်းအဖြေရှာခြင်းကို နှစ်သက်ခဲ့သည်။ စစ်ပွဲ၏ဒဏ်ကို ကောင်းကောင်း ခံစားခဲ့ရသူ ဖြစ်သောကြောင့် ကြိုးစားကာညှိနှိုင်းခြင်း၊ အကြမ်းမဖက်ပဲ ငြိမ်းချမ်းစွာ ပြဿနာကို ဖြေရှင်းရန်သူ၏ သိုးစုကို တိုက်တွန်းခဲ့သည်။ အတတ်နိုင်ဆုံး မြန်ပြည် အစိုးရနှင့်လည်းကောင်း၊ လက်နက်ကိုင် အဖွဲ့များနှင့်သော်လည်းကောင်း သင့်မြတ်အောင် နေခဲ့သည်။ သို့သော် လူမျိုးရေးစိတ်အား ထက်သန်သောလက်နိုင်ကိုင်အဖွဲ့များအနေဖြင့် (အထူးသဖြင့် ပရိုတက်စတန်များမှ) သူ့ကို ငြိုငြင်ခဲ့ပြီး ဒေါ်နိုခူမှ မောင်းထုတ်ခဲ့သည်။ အကြောင်းကား သူ့ကို နှစ်ဖက်ချွန်အဖြစ် သံသယရှိခဲ့ကြသည်။ သို့ဖြစ်၍ တောင်ငူသို့ပြန်သွားခဲ့ရသည်။

များမကြာမီအချိန်တွင် ဒေါ်နိုခူဒေသမှာ ငြိမ်းချမ်းစပြုလာသည့်အတွက်၊ မိမိသာသနာပြုခဲ့သော ထိုရွာလေးသို့ပြန် လာခဲ့ပြန်သည်။ အခြေအနေများက အပြောင်းအလဲမြန်လှသည်။ ငြိမ်းချမ်းသော ကာလကမကြာလိုက်ပါ ပဋိပက္ခများက အစပြုလာပြန်သည်။ လက်နက်ကိုင် တိုင်းရင်းသားများနှင့် စစ်တပ်တို့အကြား မကြာခဏ ထိပ်တိုက် ရင်ဆိုင်မှုများဖြစ်ပြီး ပြဿနာကြီးထွားလာပြန်သည်။ ကျောင်းထိုင်ဘုန်းတော်ကြီးအနေဖြင့် သူ့သိုးစု၏ အခွင့်အရေးကို ကာကွယ်ပေးပြီး၊ ပြဿနာတွေ မကြီးထွားလာအောင်ညှိနှိုင်းပေးခြင်း၊ စစ်ပြေး ဒုက္ခသည်များကို ကူညီခြင်းကြောင့် စစ်တပ်ကပါမျက်လုံးမွေးဆူးလာသည်၊ သူ့ကို မသင်ကာ ဖြစ်လာသည်။ မြန်မာပြည်စစ်တပ်သည် တိုက်ပွဲတစ်ခုတွင် အထိနာစွာ ကျဆုံးခဲ့ခြင်းကြောင့် ဒေါသကြီးစွာ ထွက်ကာ သူပုန်နှိမ်နင်းရေး စစ်ပွဲများကို အပြင်းအထန်တိုက်စစ်ဆင်လာသည်။ ထင်မှတ်မထားတဲ့အချိန်မှာ ဖာသာရ် ခရေမိုနေဇီနှင့်အတူ အချို့သော ရွာသားများကို သူပုန်တို့၏ သူလျှိုအဖြစ် စွပ်စွဲကာ ခေါ်ဆောင်သွားခဲ့ကြသည်။ ဖာသာရ် ခရေမိုနေဇီမှာ မိမိတို့ပါဝင်ပက်သက်ခြင်း မရှိကြောင်း၊ ဖမ်းဆီးခံရွာသားများမှာ အပြစ်မရှိကြောင်း ရှင်းပြခြင်းကိုနားမဝင်ပဲ ရုတ်တရက်ဆိုသလို သေနက်ကိုထုတ်ကာ ရွာသူကြီးကို အရင်ပစ်လိုက်သည်၊ ပြီးနောက် ဖာသာရ် ခရေမိုနေဇီ၏ ရင်ဝတည့်တည့်သို့ အချက်ပေါင်းများစွာ ပစ်သတ်ခဲ့ကြသည်။ ၁၉၅၃ ခုနှစ် ဖေဖေါ်ဝါရီလ ၇ ရက်နေ့တွင် သေနက်ဒဏ်ရာများဖြင့် အသက် ပေးခဲ့ရသည်။

စောပီတယ် (PIME)




# ရွှေနိုင်ငံဖြစ်အောင် ပြန်လည်ကြိုးပမ်းကြပါစို့

# ငြိမ်းချမ်းရေးအသီးအပွင့်များကို ကိုယ်တိုင်ခံစားကြပါစို့

## မြန်မာပြည်က လက်နက်ကိုင်ပဋိပက္ခအားလုံးချုပ်ငြိမ်းရေး



### ကာဒီနယ် ချားလ်စ်ဘို (ရန်ကုန်ကက်သလစ်ဂိုဏ်းချုပ်သာသနာ၊ မြန်မာနိုင်ငံ)

မြန်မာနိုင်ငံဟာ သမိုင်းအစဉ်အလာကြီးမားလွန်းလှပါတယ်။

တစ်ချိန်က မြန်မာနိုင်ငံကို သုဝဏ္ဏဘူမိ - ရွှေနိုင်ငံလို့ ခေါ်ဆိုကြပါတယ်။ မြေပေါ်မြေအောက် သယံဇာတတွေနဲ့ ပေါကြွယ်ဝတဲ့နိုင်ငံဖြစ်ပါတယ်။ ကျောက်စိမ်း၊ ပတ္တမြား၊ အဖိုးတန်ကျောက်မျက်တွေ၊ ရွှေ၊ ပယင်း၊ သဘာဝဓာတ်ငွေ့၊ သံ၊ ခဲမဖြူ၊ စကျင်နဲ့ အခြားတွင်းထွက်ပစ္စည်း အမြောက်အမြား ထွက်ရှိတဲ့နိုင်ငံလည်း ဖြစ်ပါတယ်။ မြန်မာနိုင်ငံဟာ တစ်ကမ္ဘာလုံးမှာရှိတဲ့ "ကျွန်းသစ်" ရဲ့ထက်ဝက်လောက်ကို ပိုင်ဆိုင်ထားပါတယ်။ ကြီးမားခန့်ညားတဲ့ မြစ်ကြောင်းများစွာကလည်း သာယာလှပတဲ့ လွင်ပြင်တစ်လျှောက် ကွေ့ကောက်စီးဆင်းပြီး စိမ်းလန်းတဲ့တောတောင်တွေနဲ့ မြန်မာနိုင်ငံကို အာရှတိုက်ရဲ့ဆန်အိုးကြီးဖြစ်စေတဲ့ လယ်ကွင်းပြင်တွေကို ရေချိုပေးဝေလျက်ရှိပါတယ်။ မြန်မာနိုင်ငံဟာ ပြည်သူပြည်သားတွေကို အလေးပေးချစ်မြတ်နိုးတော်မူတဲ့ ကရုဏာတော်အရှင် ဘုရားသခင်ရဲ့လက်ဆောင်မွန်တစ်ခုလိုပါပဲ။

ကျွန်ုပ်ချစ်မြတ်နိုးရသောတိုင်းပြည်၊ ကြေကွဲစိတ်နဲ့ ဟစ်ကြွေးပါလော့။

များပြားတဲ့သယံဇာတတွေရှိနေပါလျက်နဲ့ ယခုအချိန်မှာ မြန်မာနိုင်ငံဟာ အရှေ့တောင်အာရှရဲ့ အဆင်းရဲဆုံးနိုင်ငံတွေထဲမှာ ပါဝင်နေပါတယ်။ ကုလသမဂ္ဂရဲ့ "ဖွံ့ဖြိုးမှုအနိမ့်ဆုံး တိုင်းပြည်" ဆိုတဲ့ သတ်မှတ်ချက်ကြောင့် နိုင်ငံတကာမှာ မျက်နှာငယ်နေရဆဲပါ။ ပြည်ပရင်းနှီးမြှုပ်နှံမှုတွေကိုလည်း တောင်းခံနေရဆဲပါ။ ဆာငတ်နေတဲ့ ပြည်သူပြည်သားတွေဆိုရင် ကမ္ဘာ့စားနပ်ရိက္ခာအစီအစဉ်နဲ့ ဆက်လက် စားသောက်နေရဆဲပါ။ တစ်ချိန်က ကမ္ဘာက အားကျခဲ့ရတဲ့မြန်မာနိုင်ငံဟာ ရွှေခွက်နဲ့တောင်းစားနေရတဲ့ မျက်မမြင်လို မိမိလိုအင်ဆန္ဒတွေကို အင်အားကြီးဒေါ်လာငွေနဲ့ ဖြည့်ဆည်းပေးမယ့် ပြည်ပကယ်တင်ရှင်တွေကို မျှော်လင့်စောင့်စားနေရပါတယ်။

ကျွန်ုပ်ချစ်မြတ်နိုးရသောတိုင်းပြည်၊ ကြေကွဲစိတ်နဲ့ ဟစ်ကြွေးပါလော့။

တစ်ချိန်က ကျွန်ုပ်တို့ကို တစ်ကမ္ဘာလုံးက အားကျခဲ့ရပါတယ်။ ၁၉၅၀ နဲ့ ၁၉၆၀ အစောပိုင်းကာလတွေမှာဆိုရင် ကျွန်ုပ်တို့ဟာ အရှေ့တောင်အာရှမှာ ချမ်းသာတဲ့နိုင်ငံတစ်ခုပါ။ အဲဒီအချိန်မှာ တရုတ်ပြည်ဟာ အပျက်အစီးပုံအောက်မှာ ရှိနေခဲ့တယ်။ ဂျပန်နိုင်ငံဟာလည်း စစ်ကြောင့် ပြာပုံဘဝရောက်ခဲ့ရတယ်။ ကိုရီးယားမှာ ပဋိပက္ခအကြီးအကျယ်ဖြစ်နေခဲ့တယ်။ ဗီယက်နမ်က ကိုလိုနီစနစ်ဆိုးဒဏ် ခံနေရဆဲဖြစ်ပြီး မလေးရှားကလည်း ပြည်တွင်းစစ်တွေနဲ့ ထိမိုက်ရုန်းကန်နေခဲ့ရတယ်။ မြန်မာနိုင်ငံကတော့ အရှေ့တောင်အာရှမှာ အချမ်းသာဆုံးနိုင်ငံဖြစ်ပြီး အကောင်းဆုံးတက္ကသိုလ်တွေ၊ အဆင့်မြင့်ပညာရေးနဲ့ ဘာသာ သာသနာအစဉ်အလာကြီးတဲ့ နိုင်ငံအဖြစ်နဲ့ သုခနိုင်ငံတော်ဖြစ်ခဲ့ပါတယ်။ ပြည်သူပြည်သားတွေဟာလည်း တိုင်းရင်းသား လူမျိုးစု (၈)မျိုး၊ လူမျိုးငယ်ပေါင်း(၁၃၅)မျိုးနဲ့ အရောင်အသွေးစုံလင်ခဲ့ပါတယ်။ တိုင်းရင်းသားတွေရဲ့ ယဉ်ကျေးမှု၊ အကအလှတွေနဲ့ မြန်မာနိုင်ငံဟာ ပြိုးပြက်တောက်ပနေတဲ့ သက်တံ့နိုင်ငံတော်ကြီးဖြစ်ခဲ့ပါတယ်။

ကျွန်ုပ်ချစ်မြတ်နိုးရသောတိုင်းပြည်၊ ကြေကွဲစိတ်နဲ့ ဟစ်ကြွေးပါလော့။

ကမ္ဘာပေါ်မှာ သုခနိုင်ငံတော်အဖြစ် ရပ်တည်ခဲ့တဲ့နိုင်ငံဟာ ရဲခန်းတစ်ခုလိုဖြစ်လာခဲ့ပါပြီ။ နှစ်ပေါင်း(၆၀)လုံးလုံး ပဋိပက္ခတွေနဲ့ ချွတ်ခြုံကျခဲ့ရပါပြီ။ တိုင်းရင်းသားလူမျိုးတိုင်းမှာ လက်နက်ကိုင်တပ်ဖွဲ့တွေရှိနေကြပါပြီ။ ကျွန်ုပ်တို့ရဲ့မိခင် ဧရာဝတီဟာ ဒီမြေပေါ်မှာ သွေးချောင်းစီးခဲ့တာကို တိတ်တဆိတ်ကြည့်နေခဲ့ရပါတယ်။ အချင်းချင်း အပြန်အလှန်မုန်းတီးပြီး တရားမဲ့ပြုကျင့်မှုတွေကြောင့် စိတ်ပျက်ကြေကွဲဖွယ် ကိန်းဂဏန်းတွေ အခုလိုထွက်ပေါ်လာခဲ့ရပါတယ်။

- စစ်ပွဲတွေကြောင့် နေရပ်စွန့်ခွာထွက်ပြေးရတဲ့ဒုက္ခသည် (၁)သန်းကျော်
- ပြည်တွင်း အိုးအိမ်စွန့်ခွာဒုက္ခသည် (၁)သန်းကျော်
- တိုင်းတစ်ပါးကို သွားရောက်ပြီး ကျွန်ပြုခံနေကြရတဲ့ လူငယ်(၄)သန်းကျော်
- နိုင်ငံ့လူဦးရေရဲ့ (၂၀%)ဖြစ်တဲ့ ပြည်သူပြည်သား (၁၀)သန်းကျော်ဟာ စီးပွားရေးမှာ နလံမထူနိုင်ဖြစ်နေကြပါတယ်။ တိုင်းပြည်မှာ အားနည်းတဲ့လူ၊ ထိခိုက်လွယ်တဲ့ လူတွေအတွက် မျက်ရည်ကျစရာနဲ့ ချွတ်ခြုံကျစရာပဲဖြစ်ပါတော့တယ်။
- တိုင်းပြည်မှာ ဆင်းရဲချို့တဲ့မှုရာခိုင်နှုန်းက (၄၀)အထက်ရှိနေပါတယ်။

မြန်မာနိုင်ငံကြုံတွေ့နေရတဲ့ဆင်းရဲဒုက္ခဟာ ဆိုးဝါးတဲ့ကံကြမ္မာကြောင့်မဟုတ်ပါဘူး။ ဒါဟာ လူလုပ်တဲ့ကပ်ဆိုးကြီးပါ။ ဘုရားသခင်အလိုတော်ရှိလို့ ဖြစ်လာတာ မဟုတ်ပါဘူး။ ရွှေနိုင်ငံကို ဆင်းရဲဒုက္ခတွင်းအဖြစ် ပြောင်းလဲခဲ့တဲ့ လူတွေရဲ့ မိုက်မဲမှုပဲဖြစ်ပါတယ်။ ဒါဟာ လူက ဖန်တီးခဲ့တဲ့ကပ်ဆိုးဖြစ်တာကြောင့် အမျိုးကောင်း သားသမီးတွေရဲ့စိတ်ကောင်းနှလုံးကောင်းနဲ့ အပြီးအပိုင်ရပ်တန့်ပစ်လိုက်လို့ရပါတယ်။ အခုအချိန်မှာ အရမ်းနောက်မကျသေးပါဘူး။ မျှော်လင့်စိတ်နဲ့ ငြိမ်းချမ်းရေးမှာ ပြန်လည်အားစိုက် ထုတ်မယ်ဆိုရင် နဂိုမူလရွှေနိုင်ငံဘဝကို ပြန်ရောက်နိုင်ပါတယ်။ လက်နက်ရဲ့အစွမ်းကိုသာ ယုံကြည်နေသူကို ကျွန်ုပ်အလေးအနက် တောင်းဆို ချင်ပါတယ်။

- နှစ်ပေါင်း(၆၀)အတွင်းမှာ သေခြင်းနဲ့ မျက်ရည်တွေကလွဲလို့ ဘယ်သူ့အတွက်မှ ကျေနပ်စရာရလဒ် မထွက်ပေါ်ခဲ့ပါဘူး။
- ငြိမ်းချမ်းရေးအတွက် အလားအလာရှိနေပါတယ်။ ငြိမ်းချမ်းရေးသာ တစ်ခုတည်းသောထွက်ပေါက်ပါ။သေနတ်တွေဟာပဋိပက္ခတွေကိုမဖြေရှင်းပေးနိုင်ဘူးဆိုတာ သက်သေပြခဲ့ပြီးပါပြီ။
- ပင်လုံငြိမ်းချမ်းရေးလမ်းကြောင်းဟာ ပြီးပြည့်စုံတဲ့လမ်းကြောင်းမဟုတ်ပေမဲ့ အဲဒီကနေပဲ စတင်လုပ်ဆောင်ရပါလိမ့်မယ်။ သေနတ်သံတွေရပ်စဲလိုက်ပါ။ ငြိမ်းချမ်းဖို့အတွက် အခွင့်အရေးပေးလိုက်ပါ။ ကျွန်ုပ်တို့ဖြစ်ပွားနေတဲ့ပဋိပက္ခဟာ ပြည်ထောင်စုသွေးချင်းအကြားမှာပဲ ဖြစ်ပွားနေတာပါ။ မြန်မာနိုင်ငံဆိုတာ ကျွန်ုပ်တို့ရဲ့မိသားစုပါ။ ကောင်းကျိုးချမ်းသာခံစားရတဲ့မိသားစုဖြစ်ဖို့ ကျွန်ုပ်တို့အချင်းချင်း ငြိမ်းချမ်း ရေးလက်ဆောင်ပေးရပါလိမ့်မယ်။ ငြိမ်းချမ်းရေးနဲ့ ဖွံ့ဖြိုး တိုးတက်ရေးတို့ဟာ ဒီနိုင်ငံကို စောင့်မျှော်နေပါတယ်။ အမုန်းတရားတွေနဲ့ စစ်ပွဲတွေကို ရပ်တန့်ကြပါ။
- တရားမျှတမှုနဲ့ ငြိမ်းချမ်းရေးဟာ ဧရာဝတီမြစ်လို စီးဆင်းနေပါစေ။ စစ်မှန်တဲ့နိုင်ငံရေး၊ စီးပွားရေး ဖက်ဒရယ်စနစ်ကြောင့် လူ့အသိုင်းအဝိုင်းအကြား ယုံကြည်မှုတည်ဆောက်နိုင်ကြပါစေ၊ပွင့်လင်းမြင်သာမှုရှိကြပါစေ။ အတူတကွပါဝင်ခွင့်ရှိတဲ့ စစ်မှန်တဲ့ဒီမိုကရေစီစနစ်ကို အစိုးရက ဖော်ဆောင်ပေးခြင်းအားဖြင့် ကျွန်ုပ်တို့ရဲ့ ဒဏ်ရာတွေပြန်ကောင်းလာပါလိမ့်မယ်။ ပဋိပက္ခတွေဟာလည်း အတိတ်သမိုင်းမှာပဲ ကျန်ခဲ့ပါလိမ့်မယ်။ လက်နက်ကိုင်အဖွဲ့အစည်းတွေအားလုံးက သေနတ်သံတွေကို ရပ်စဲနိုင်ပါတယ်။ ငြိမ်းချမ်းရေးအတွက်ကိုပဲ ကြိုးစားတိုက်ပွဲဝင်ကြပါ။ ကျွန်ုပ်တို့အတွက် တပ်မတော်တစ်ခုရှိရင် လုံလောက်ပါပြီ။ အဲဒီတပ်မတော် ဟာလည်း တရားမျှတမှုနဲ့ ငြိမ်းချမ်းရေးကို လိုလားတဲ့တပ်မတော်ဖြစ်ရပါလိမ့်မယ်။
- မြန်မာပြည်စောင့်စားခဲ့ရတဲ့နှစ်တွေကြာညောင်းလှပါပြီ။ ရွှေနိုင်ငံဖြစ်အောင် ပြန်လည်ကြိုးပမ်းကြပါစို့။

ငြိမ်းချမ်းရေးအတွက် အလားအလာရှိနေပါတယ်။
ငြိမ်းချမ်းရေးသာ တစ်ခုတည်းသောထွက်ပေါက်ပါ။
လွတ်လပ်ရေး၊ ဖွံ့ဖြိုးတိုးတက်ရေးအိပ်မက်တွေနဲ့အတူ
ကျွန်ုပ်ရဲ့တိုင်းပြည်နိုးကြားထကြွနိုင်ပါစေ။

ကာဒီနယ် ချားလ်စ်ဘို SDB

# မြန်မာကက်သလစ်အိတ်ချ်အိုင်ဗွီအေအိုင်ဒီအက်စ်ကွန်ယက်(MCHAN) တစ်နိုင်ငံလုံးဆိုင်ရာ ညှိနှိုင်းအစည်းအဝေး




မြန်မာကက်သလစ် အိတ်ချ်အိုင်ဗွီ ကွန်ယက် တစ်နိုင်ငံလုံးဆိုင်ရာ ညှိနှိုင်း အစည်းအဝေးကို မေ(၂၀) ရက်မှ (၂၁)ရက် အထိ (၂)ရက်တာ CBCM ၌ ပြုလုပ်ခဲ့ပါ သည်။ အစည်းအဝေးသို့ ဆရာတော် အလက်ဇန္ဒား ပြုံးချို၊ ဘုန်းတော်ကြီးခရစ္စတို ဖာရပ်ချို၊ စစ္စတာမက်ဒလင်းလင်း၊ ဒေါက် တာ ချိုလေးမာ၊ ကိုယ်စားပြုအဖွဲ့ဝင်များ၊ (MCHAN) ဝန်ထမ်းများ တက်ရောက်ခဲ့ပါ သည်။

ထို(၂)ရက်တာ အစည်းအဝေး၌ ပထမနေ့နံနက်ပိုင်းတွင် ကြွပ်ကြွပ်ပြန်လည် အသုံးပြုခြင်း လက်မှုပစ္စည်းဆိုင်သို့ သွား ရောက်လည်ပတ် လေ့လာခဲ့ပါသည်။ ထိုသို့ လည်ပတ်ရာတွင် အမှိုက်ကရွှေဖြစ်သည်ဟု ဆိုသည့်အတိုင်း အမှိုက်ပုံစွန့်ပစ်ပစ္စည်းများ ကို လက်မှုပစ္စည်းများအဖြစ် ဖန်တီးကာပြန် လည်ရောင်းချခြင်း ဖြစ်ပါသည်။ နေ့ခင်းပိုင်း တွင် ဝိညာဉ်ရေးလမ်းညွှန် ဘုန်းတော်ကြီး ခရစ္စတိုဖာရချိုမှ အဖွင့်ဆုတောင်းပြီး၊ ကျန်း မာရေးကော်မရှင် ဥက္ကဋ္ဌ ဆရာတော်အ လက်ဇန္ဒားပြုံးချိုမှ အဖွင့်အမှာစကား ပြော ခဲ့ပါသည်။

ထို့နောက်(MCHAN)၏ ဥက္ကဋ္ဌ ဒေါက်တာချိုလေးမာမှ အဖွင့်မိန့်ခွန်းပြော ကြားခဲ့ပါသည်။ ဆရာတော်အလက်ဇန္ဒားမှ "အိတ်ချ်အိုင်ဗွီက ကမ္ဘာမှာပျောက်မသွား သေးဘူး။ ရှိနေသေးတယ်။ အိတ်ချ်အိုင်ဗွီကို လုပ်ဆောင်ပေးဖို့ လိုအပ်နေသေးတယ်။ ကျန်းမာရေးမှာ ကာကွယ်ခြင်းနဲ့ ကုသခြင်း (၂) မျိုးစလုံးကို လုပ်ဆောင်ဖို့လိုအပ်ပါ တယ်။" ဟုမိန့်ကြားခဲ့ပါသည်။ ထို့နောက် ကြွပ်ကြွပ် ပြန်လည်အသုံးပြုခြင်း လက်မှု ပစ္စည်းဆိုင်မှ ရရှိခဲ့သော အတွေ့အကြုံများ အား ပြန်လည်သုံး သပ်ဆွေးနွေးခဲ့ပါသည်။

ဒုတိယနေ့တွင် တက်ရောက်လာ သော အဖွဲ့ဝင်များမှယခု လုပ်ဆောင်နေ သော ကျန်းမာရေး လုပ်ငန်းများနှင့် အစိုးရ၊ အဖွဲ့အစည်းများနှင့် ချိတ်ဆက်လုပ် ဆောင် မှုများ၊ လူနာများအတွက် ရှေ့ဆက် လုပ် ဆောင်ရမည့် အစီအစဉ်များကို ဆွေးနွေး တင်ပြကြပါ သည်။ ထို့နောက်(၂)ရက်တာ အစည်း အဝေးမှ ရရှိခဲ့သော ဆွေးနွေးမှု များနှင့် နောင်လာမည့် အစည်းအဝေး အတွက် ပြန် လည် သုံးသပ်ခြင်းဖြင့် အဆုံး သတ်ခဲ့ပါ သည်။

Elizabeth ဟေမာလွင်(MCHAN)

# အရှေ့တောင်အာရှနိုင်ငံများ ဆိုင်ရာ သမ္မာကျမ်းစာတမန်တော်လုပ်ငန်း အစည်းအဝေး




၂၀၁၉ခုနှစ်သည် Catholic Biblical Federation တစ်ကမ္ဘာလုံးဆိုင်ရာသမ္မာ ကျမ်းစာတမန်တော်လုပ်ငန်း စတင်တည် ထောင်ခဲ့သည်မှာနှစ် (၅၀) ပြည့်ဖြစ်ပါ သည်။ ထိုနှစ်(၅၀) ပြည့်ဂျူဘီလီပွဲကို အီ တလီနိုင်ငံ၊ ရောမမြို့တွင်ကျင်းပခဲ့ပြီးဖြစ်ပါ သည်။

ဤဂျူဘီလီပွဲသို့ မတက်ရောက် နိုင်သောသူများအတွက် ဂျူဘီလီပွဲအထိမ်း အမှတ်အဖြစ် အရှေ့တောင်အာရှ သမ္မာ ကျမ်းစာတမန်တော်မြတ်လုပ်ငန်း South East Asia (CBF. SEA) မှဦးစီး၍ ဖိလစ်ပိုင် နိုင်ငံ Tagaytay မြို့ Angel's Hills Retreat Center ၌ ၂၀၁၉ ခု ဇွန် လ ၁၂ ရက်မှ ၁၆ ရက်နေ့အထိ အရှေ့ တောင်အာရှ နိုင်ငံ များ ဆိုင်ရာ သမ္မာကျမ်းစာ တမန်တော် လုပ်ငန်း အစည်းအဝေးကြီးကို ပြုလုပ် ကျင်းပ ခဲ့ပါသည်။ ထိုညီလာခံသို့နိုင်ငံပေါင်း (၅)နိုင်ငံ မှ ကိုယ်စားလှယ်များ စုစုပေါင်း ၈၂ ဦးတက် ရောက်ခဲ့ကြပါသည်။

၂၀၁၉ ဇွန်လ (၁၂) ရက်နေ့တွင် မဏ္ဍားတရားတော်မြတ်နှင့် အခမ်းအနားကို စတင်ဖွင့်လှစ်ခဲ့၍ အချင်းချင်း မိတ်ဆက် ခြင်း အစီအစဉ်ပြီးသည်နှင့် Orientation ကိုစတင်ခဲ့သည်။ နောက်တစ်နေ့တွင်သမ္မာ ကျမ်းစာ ပလ္လင်တင်ခြင်းနှင့် အစပြုခဲ့ပါ သည်။

မနက်တိုင်း အစည်းအဝေးမစတင် မီ ဘုရား၏ နှုတ်ကပါတ်တော်မြတ်ကို တစ် ရက် တစ်မျိုးဖြင့် ထောက်ရှု ဆုတောင်းခြင်း နိုင်ငံအလိုက် သမ္မာကျမ်းစာ ပလ္လင်တင် ခြင်းဖြင့် အစပြုခဲ့ပါသည်။ ပထမရက် တွင် ကာဒီနယ် Tagle ( President of the Catholic Biblical Federation) သည် သမ္မာကျမ်းစာနှင့်အသက် အကြောင်းကို (VD.73) ကိုးကား၍ အတွေ့အကြုံနှင့်စိန် ခေါ်မှုအကြောင်းကိုဝေမျှခဲ့ပါသည်။

သမ္မာကျမ်းစာနှင့် လူမှုဆက် သွယ်ရေး အခြေအမြစ်ကို fr. Bernardo. SVD က လည်းကောင်း သမ္မာကျမ်းစာနှင့် လူမှုရေးဆိုင်ရာ အသွင်ပြောင်းခြင်းကို Most. Rev. David မှလည်းကောင်း ဝေမျှ ပေးခဲ့ကြပြီ နိုင်ငံအလိုက် လက်တွေ့လုပ် ဆောင်မှုများ စိန်ခေါ်မှုများကိုဆွေးနွေးတိုင် ပင်ခြင်းနှင့် ရှေးလုပ်ငန်းစဉ်များကို အသီး သီးတင်ပြကြပါသည်။ ဆက်လက်ပြီး ဝတ် ပြုကိုးကွယ်ခြင်းကို နိုင်ငံအသီးသီးမှမိမိရိုး ရာဝတ်စုံ ဘာသာစကားဖြင့် အလှည့်ကျတာ ဝန်ယူ၍ မဏ္ဍားတရာတော်မြတ်ကိုပူဇော်ခဲ့ ကြပါသည်။

ညစာ စားပြီးနောက် Social Night/ Cultural Presentations ကို မိမိ နိုင်ငံ၏ ယဉ်ကျေးမှုဓလေ့ရိုးရာအကြောင်း ကိုရှင်းလင်းပြီးကပြတင်ဆက်ခဲ့ကြပါသည်။ ၁၅ရက်နံနက်ပိုင်းတွင် Lectio Divina ကျမ်း စာထောက်ရှုခြင်းနှင့် သမ္မာကျမ်းစာဖြင့် ဘုရားစကား သင်ယူခြင်း သမ္မာကျမ်းစာ တမန်တော်လုပ်ငန်း သက်ဝင်လှုပ်ရှားမှု ကြောင်းကို Dr. Natividad နှင့် Fr. Alejandro မှ လည်းကောင်း လူငယ်နှင့် ဧဝံဂေလိ သတင်းကောင်းကို fr. Richard တို့ ဝေမျှခဲ့ပါ သည်။

ညနေ၌ အရှေ့တောင်အာရှနိုင်ငံ များဆိုင်ရာသမ္မာကျမ်းစာ တမန်တော်လုပ် ငန်း အစည်းအဝေးသို့ ကိုယ်စားလှယ်များ မှာ ထိုင်းနိုင်ငံ ၇ ဦး ဗီယက်နမ် နိုင်ငံ ၄ ဦး အင်ဒိုနီးရှားနိုင်ငံ ၃ ဦး မြန်မာနိုင်ငံကိုယ်စား လှယ်ဖြစ်သော fr. စော ဘောစကို ဦးဆောင် ၍ ရန်ကုန်သာသနာ ကိုယ်စားလှယ် fr. စောပီတာ ထွန်းထွန်းနှင့် sr. နင်းနင်း Sr. အက်စတယ်၊ ပုသိမ်ကိုယ်စားလှယ် fr. ဩ ဂုတ်စတင်း အောင်စိုးနိုင် မြစ်ကြီးနား ကိုယ် စားလှယ် sr. ရီဇာ ထုရီ၊ ဗန်းမော်ကိုယ်စား လှယ် Sr. မေရီလုမိုင် ကျိုင်းတုံသာသနာ ကိုယ်စားလှယ် Sr. ရိုစ်မေရီ တို့ဖြစ်ကြပါ သည်။

၁၆ရက် မနက်ကျေးဇူးတင် မဏ္ဍား တရားတော်မြတ် ပူဇော်ပြီး သင်တန်းဆင်း လက်မှတ်ကို Most. Rev. Sofronio မှ ပေး အပ်ခဲ့ပါသည်။ ထို့နောက် ပတ်ဝန်းကျင် ဒေသသို့ လေ့လာရေး ခရီးထွက်ခဲ့ကြပါ သည်။

CBCM Bible Commission
and ရှိုစ် SdP

# ရှုပါရုံမြင်သောစိန်ဂျိုးဇက်သီလရှင် အသင်းဂိုဏ်းအတွက်သီလရှင်အသစ် (၃)ပါးရရှိခြင်း



စိန်ဂျိုးဇက် သီလရှင်အသင်းဂိုဏ်းမှ သီလရှင် (၃)ပါး၏ ပထမ ကတိသစ္စာခံယူခြင်း မစ္ဆားတရားကို ၂၀၁၉ ၊ ဇွန်လ (၁၇) ရက်နေ့က ပြင်ဦးလွင်မြို့ ရွှေနှလုံးတော်ဘုရားကျောင်းတွင် ပြုလုပ်ခဲ့ပါသည်။ မစ္ဆားတရားကို မန္တလေးကက်သလစ် ဂိုဏ်းချုပ်သာသနာမှ ဆရာတော်ကြီးနီကောလားစ် မန်ထန်းမှ ဦးဆောင်ခဲ့ပြီးရပ်နီး ရပ်ဝေးမှ ဘုန်းတော်ကြီးအပါး (၂၀) နီးပါး ပါဝင်ခဲ့ပါသည်။

အခမ်းအနားတွင် စိန်ဂျိုးဇက် အသင်းဂိုဏ်းဝင်များ၊ ဂိုဏ်းအသီးသီးမှ သီလရှင်များ ၊ ကိုရင်များ ၊ စစ္စတာရ်လောင်းများ ၊ မိဘဆွေမျိုးများနှင့် ဓမ္မမိတ်ဆွေများ ပါဝင်တက်ရောက်ခဲ့ပါသည်။ မစ္ဆားတရားကို နံနက် (၆း၃၀)တွင် စတင်ခဲ့ပါသည်။

ဂိုဏ်းချုပ်ဆရာတော်ကြီး နီကောလားစ် မန်ထန်းမှ ဩဝါဒ တရားရေအေးတိုက်ကျွေးခဲ့ရာ၌ " မိမိတို့ လူသားများ အကြား၊ အဖွဲ့အစည်းများအကြား အချင်းချင်းလုပ်ငန်းဆောင်တာများ လုပ်ဆောင်ကြရာ၌ ချစ်ခြင်းမေတ္တာကိုအခြေခံ၍ အချင်းချင်းကြား မေတ္တာထားလုပ်ဆောင်ကြရန် လိုအပ်ကြောင်း၊ သူတော်စင်ဘဝဆိုတာ မိမိကိုယ်ကိုထက် အများအတွက် ပေးဆပ်လုပ်ဆောင်ရမယ့် ဘဝမျိုးဖြစ်ကြောင်း၊ မိမိစိတ်ဟာ မကောင်းတဲ့အရာများ မတွေးတော၊ မလုပ်ဆောင်မိရန်အတွက် စိတ်ကိုအနားမပေးဘဲဆုတောင်းခြင်း၊ ဘုရားသခင်ထံ အမြဲမပျက် အာရုံပြုခြင်းမျိုးဖြင့် နေထိုင်အသက်ရှင်ရန် လိုအပ်ကြောင်းကို တိုက်တွန်းနှိုးဆော်ခဲ့ပါသည်။

ဩဝါဒ တရားရေအေး တိုက်ကျွေးပြီးနောက် ပထမ ကတိသစ္စာ ခံယူခြင်းကို ဆက်လက် လုပ်ဆောင်ခဲ့ပါသည်။ သီလရှင်လောင်းများသည် အသင်းဂိုဏ်းအကြီးအကဲများနှင့် ဆရာတော်ကြီးမှ မေးသောမေးခွန်းများကို ဖြေကြားခဲ့ပြီးနောက် သီလရှင်များအဖြစ်သို့ ရောက်ရှိခဲ့ကြပါသည်။ အသင်းဂိုဏ်းတည်ထောင်ခဲ့သူ စိန်အယ်မလီပြသခဲ့သော အသင်း၏ စိတ်ဓာတ်နှင့်အညီမေတ္တာတရားလုပ်ငန်း အမျိုးမျိုးအား လုပ်ဆောင်မည့်အကြောင်းကို အသင်းတော်၏ ရှေ့မှောက်၌ တစ်နှစ်တာ ယာယီသစ္စာ ဆိုခဲ့ကြပါသည်။

သီလရှင် အသစ်သုံးပါးထဲမှ Sr. Veronica မာစိန်သည် လားရှိုးသာသနာမှ ဖြစ် ပါသည်။ Sr.Veronica သည် မောင်နမဆယ်ဦးရှိသည့်အနက် ကိုးယောက်မြောက် သမီးရတနာတစ်ပါး ဖြစ်ပါသည်။ ၎င်းတို့ မောင်နမ ဆယ်ယောက်အနက် ညီမလေးယောက်သည် သီလရှင်များ ဖြစ်သည်ဟု သိရပါသည်။ Sr. Veronica က သူမအနေနဲ့ သူတော်စင်ဘောင်သို့ ဝင်ရောက်ရခြင်းမှာ " လူတိုင်းက ကိုယ့်သမိုင်းကိုယ်ရေးရတယ်။ ကျမကို သူများတွေက အမတွေကသီလရှင်ဖြစ်လို့ သူတို့ရဲ့ ပြောစကားတွေကြောင့် သူတော်စင်ဘောင်ဝင်တယ်လို့ ထင်ကြတယ်။ အဲ့ဒါကမဟုတ်ပါဘူး။ ကျမအနေနဲ့ သူတို့နဲ့ အဆက်အသွယ်ရှိပါတယ်။ သူတို့က ကျမကိုသူတော်စင်ဘောင် ဝင်လို့လည်း မပြောဘူး ၊မဝင်နဲ့လို့လည်း မတားကြပါဘူး။ ကျမစိတ်နဲ့ ကျမဆုံးဖြတ်ခဲ့တာ ဖြစ်တယ်။ ဘာလို့ ရွေးချယ်ခဲ့လဲဆိုရင် ဘုရားသခင်ပေးထားတဲ့ အသက်တာကို ဘုရားသခင်ကို ပြန်ဆက်ကပ်ချင်တဲ့ စိတ်ဆန္ဒ တစ်ခုတည်းနဲ့ သူတော်စင်ဘဝကို လျှောက်လှမ်းခြင်းဖြစ်တယ်" လို့ စစ္စတာရ်က သူမ၏ သူတော်စင်ဘောင်ဝင်ရခြင်း အကြောင်းအရင်းကို ပြောပြခဲ့ပါသည်။

Sr.Theresa Ja Seng Nan သည် လားရှိုးသာသနာမှဖြစ်ပါသည်။

စစ္စတာရ်က သူတော်စင်ဂိုဏ်းမြောက်များစွာ ရှိသည့်အထဲမှ စိန်ဂျိုးဇက်အသင်းဂိုဏ်းကို ရွေးချယ်ရခြင်းဟာ "စိန်ဂျိုးဇက်မှာက မေတ္တာတရားနဲ့ အရင်းခံပြီး လုပ်တဲ့လုပ်ငန်းမှန်သမျှကို လုပ်လို့ရတယ်။ ရွေးချယ်စရာတွေများတယ် ကိုယ်ကစက်ချုပ်တတ်ရင် စက်ချုပ်တဲ့အပိုင်း၊ စာသင်တတ်ရင် စာသင်တဲ့အပိုင်း၊ အဲ့ဒီလိုမျိုးကိုယ်ကျွမ်းကျင်ရာ၊ ကိုယ်ဝါသနာပါတဲ့အရာမျိုးမှာ မေတ္တာစိတ် အပြည့်အဝထားပြီး လုပ်လို့ရနိုင်တဲ့အတွက် ကိုယ်တတ်တဲ့ အရာနဲ့ အပြည့်အဝ ပြန်ပေးဆပ်နိုင်မယ်လို့ ယုံကြည်တဲ့အတွက် ဒီအသင်းဂိုဏ်းကို ရွေးချယ်ခဲ့ခြင်းဖြစ်တယ် " လို့ စစ္စတာရ်က စိန်ဂျိုးဇက်သီလရှင်တစ်ပါး လုပ်ဖြစ်ရခြင်းအကြောင်းကိုပြောပြခဲ့ပါသည်။

Sr.Lucy ဒမ်ဒိတ်ဟောက် သည် ကလေးသာသနာမှ ဖြစ်ပါသည်။

စစ္စတာရ်က "သူတော်စင်ဘဝကို ရွေးချယ်တဲ့အခါမှာ အခက်အခဲတွေတော့ ရှိတာပေါ့။ ကိုယ့်ကိုကိုယ် လုပ်နိုင်ပါ့ မလားဆိုတဲ့ စိတ်တွေလည်းဖြစ်မိခဲ့တယ်။ ရွေး

စာမျက်နှာ ၁၅ သို့

# ပထမယာယီသစ္စာခံယူခြင်းနှင့် ငွေစင်ဂျုဘီလီပွဲကျင်းပ

ကရုဏာရေး သီလရှင်များ၏ ပထမယာယီသစ္စာခံယူခြင်းနှင့် သူတော်စင် အသက်တာတွင် (၂၅)နှစ် တိုင်တိုင် ဘုရားသခင်၏ အမှုတော်ကို ထမ်းဆောင်ခဲ့သော ငွေစင်ဂျုဘီလီရှင်များအတွက် ဘုရားသခင်အား ကျေးဇူးတင်ချီးမွမ်းခြင်း အခမ်းအနားတစ်ရပ်ကို ၂၀၁၉ ခုနှစ်၊ မေလ (၁၈) ရက် စနေနေ့ နံနက်(၆း၃၀) အချိန်တွင် လွိုင်ကော် ကက်သလစ်သာသနာ ဂိုဏ်းအုပ်ဆရာတော်ကြီးစတီးဖင်းတျေးဖဲမှ ဦးဆောင်၍ ရဟန်းတော်များ စုစုပေါင်း (၃၈) ပါးခန့် ပါဝင်လျက် စည်ကားသိုက်မြိုက်စွာကျင်းပခဲ့ပါသည်။

ယာယီသစ္စာ ခံယူကြသော သီလရှင်(၇)ပါးတို့မှာ

Sr.Helena Naw Byew (ပုသိမ်သာသနာ၊ ကညွှင်းသုံးဆင့်တိုက်နယ်၊ ရေကြည်အိုင်ရွာ)၊ Sr. Sophia Thiri Kyaw (လွိုင်ကော် သာသနာ၊ မိုင်းလုံးတိုက်နယ်၊ မင်္ဂလာပိုးစာခြံရပ်ကွက်)၊ Sr. Maddalena May Myat Phu (ကျိုင်းတုံသာသနာ၊ မိုင်းပျဉ်းတိုက်နယ်၊ ဟိုနာကျော်ရွာ)၊ Sr.Juli-anaKol Mar (လွိုင်ကော်သာသနာ၊ ဒေါ်တချတိုက်နယ်၊ ဒေါ်တချကျေးရွာ)၊ Sr.Cecili-aHsee Bi Htoo (လွိုင်ကော်သာသနာ၊ နန့်မယ်ခုံတိုင်နယ်၊ နန်းမယ်ခုံရွာ)၊ Sr.Rosa Ah Shuu (ကျိုင်းတုံသာသနာ၊ လွိုင်မွေတိုက်နယ်၊ ပန်ကွဲတောင်ထိပ်၊ နန်းဖီးဘယ်ရွာ)နှင့် Sr.Mary Rosalina May Zin Oo (တောင်ကြီးသာသနာ၊ ဘုရားဖြူတိုက်နယ်၊ ဘုရားဖြူရွာ) တို့ဖြစ်ကြပါသည်။

(၂၅) နှစ်တိုင်တိုင် ဆက်ကပ်အမှုဆောင်လျှက် ဘုရားသခင်အားကျေးဇူးတင်ချီးမွမ်းကြသော ဂျုဘီလီရှင်များမှာ - Sr ကက်သရင်းဗေဒါ (လွိုင်ကော်သာသနာ၊




လွိုင်ကော်တိုက်နယ်)၊ Sr.ဆယ်ရာဖီးနာ လေ့မိုး (လွိုင်ကော်သာသနာ၊ လွိုင်ကော်တိုက်နယ်)၊Sr.ရိုဇားခင်မာကြိုင် (ပုသိမ်သာသနာ)၊ Sr. ဆန်တီးနာမူရိုင်း (လွိုင်ကော်သာသနာ၊ နန်းမယ်ခုံတိုက်နယ်)၊ Sr.စီးစီလျှာတိုဘီးယာ (လွိုင်ကော် သာသနာ၊ ကယန်းသာယာ တိုက်နယ်)၊ Sr.ဂျိုစဖင်း နန်စီထွန်း (လွိုင်ကော်သာသနာ၊ လွိုင်ကော်တိုက်နယ်)တို့ဖြစ်ပါသည်။

Sr.Camella (SCCG)

# စိန့်ပေါလ် သာသနာပြု သီလရှင် အသင်းဂိုဏ်းအတွက် သီလရှင်အသစ် (၆)ပါးရရှိခြင်း



စိန့်ပေါလ်သာသနာပြု သီလရှင် အသင်းဂိုဏ်းမှ သီလရှင်များ၏ ပထမ သစ္စာခံယူခြင်း၊ ရာသက်ပန်သစ္စာ ခံယူခြင်း နှင့် သီလရှင်ဝါတော် (၂၅) နှစ်ပြည့် ငွေစင်ဂျူဘီလီကျင်းပခြင်း မစ္ဆားတရားတော်မြတ်ကို ၂၀၁၉ ခုနှစ် မေလ (၂၅) ရက်နေ့ နံနက် (၇း၃၀) အချိန်ကစိန့်ဖရန်စစ်ဘုရားကျောင်း ၊သန်လျင်၊ ရန်ကုန်မြို့တွင် ကျင်းပခဲ့ပါသည်။

ပွဲတော်သို့ စိန့်ပေါလ် အသင်းဂိုဏ်း တည်ထောင်သူ ကာဒီနယ်ချားလ်(စ်)ဘို၊ ရန်ကုန် ကက်သလစ် ဂိုဏ်းချုပ်သာသနာ လက်ထောက် ဆရာတော်ကြီး ဂျွန်စောယောဟန်၊ ပြည်ဂိုဏ်းအုပ် သာသနာပိုင် ဆရာတော်ကြီး Alexandar Pyone Cho ၊စိန့်ပေါ(လ်) အသင်းဂိုဏ်းဝင်များ၊ သာသနာ အသီးသီးမှ ရဟန်းတော်များ၊ ကိုရင်များ၊ သီလရှင်များ၊ မိဘဆွေမျိုးများနှင့် ဓမ္မမိတ်ဆွေများ ပါဝင်တက်ရောက်ခဲ့ကြပါသည်။

မစ္ဆားတရားတော်မြတ်အားစိန့်ပေါ(လ်) အသင်းဂိုဏ်းကို တည်ထောင်သူ ကာဒီနယ်ချားလ်(စ်)ဘိုမှ ဦးဆောင်ခဲ့ပါသည်။

မစ္ဆားတရားတွင် ကာဒီနယ်ချာလ်းစ်ဘိုမှ ဩဝါဒမြွက်ကြားရာ၌ "ကြိုတင်မသိတဲ့ မနက်ဖြန်ခါ ၊ ကြိုတင်မသိတဲ့ အနာဂတ်ကိုဆက်ကပ်ကြတယ်။ ပထမသစ္စာနဲ့ဆက်ကပ်တယ် ၊ ဒါပေမဲ့ တစ်သက်ပတ်လုံး ရည်စူးပြီးတော့ ဆက်ကပ်ကြတယ်။ ဘုရားကိုယုံကြည်အားကိုးပြီးတော့၊ ဘုရားအပေါ်မှာ တွယ်တာပြီးတော့ ဘုရားရဲ့ နာမတော်နဲ့ ဘုရားရဲ့ ခွန်အားနဲ့ မိမိကိုယ်ကိုဆက်ကပ်ကြတယ်။ အပ်နှံကြတယ်။ ကျွန်ုပ်တို့ သိရမှာက ငါဟာ စပျစ်နွယ်ပင်ဖြစ်တယ်။ သင်တို့ဟာ အကိုင်းအခတ်လေးတွေဖြစ်တယ်။ အကိုင်းအခက်တွေဟာ စပျစ်ပင်နဲ့ ဆက်နွယ်နေမှရတယ်။ ကင်းကွာသွားပြီဆိုရင် ခြောက်သွေ့ သွားမယ်၊ သေသွားမယ်၊ ကျွန်ုပ်တို့ဟာ ဘာသာတရား ကောင်းမွန်ဖို့ရာအတွက် ကြိုးစားတဲ့အခါမှာ ဘုရားရဲ့ ကျေးဇူးတော် မပါဘူးဆိုရင် ကျွန်ုပ်တို့ဟာ ခြောက်ခမ်းသွားမယ်" ဟု ဘုရားနှင့်ကင်းကွာလို့မရကြောင်း၊ ဘယ်လိုခေါ်တော်မူခြင်း ဘဝမျိုးမှာပဲဖြစ်ဖြစ်၊ ဘယ်လောက်အောင်မြင်နေသူဖြစ်ဖြစ်၊ ဘုရားသခင်နှင့် ဝေးကွာသွားပါက အချည်းအနှီးဖြစ်မည် ဖြစ်တဲ့အတွက် ဘုရားသခင်ကို အားကိုးဖို့နှင့် ဘုရားသခင်၏ တရားတော်အတိုင်းလိုက်နာနိုင်ဖို့ ရန်အတွက် ဆုတောင်းခြင်းသည် အရေးကြီးကြောင်းကိုဟောကြားတော်မူခဲ့ပါသည်။

ထို့နေ့ က သီလရှင်ဝါတော် (၂၅) နှစ်ပြည့် ငွေစင်ဂျူဘီလီရှင် (၅) ပါး၊ ပထမ သစ္စာခံသူယူ(၆)ပါး၊ တစ်သက်သစ္စာခံယူသူ (၇)ပါးရှိခဲ့ပါသည်။

ပထမသစ္စာခံယူသူSr.Elizabeth က " ဘုရားသခင်အတွက် ကိုယ်ဘယ်လို အသုံးပြုနိုင်မလဲ။ ဘုရားရဲ့ကယ်တင်ခြင်းမှာ ကိုယ်ဘယ်လို ပါဝင်နိုင်မလဲဆိုတာကို အမြဲစဉ်းစားတယ်။ ဘာသာရေးစာပေတွေဖြစ်တဲ့ မျိုးကြဲသူ စာစောင်ကိုလည်းဖတ်တယ်။ အဲ့ထဲမှာ စိန့်ပေါလ်သာသနာပြု သီလရှင်အသင်းဂိုဏ်းဟာ ခရစ်တော်ကို မသိသေးတဲ့ သူတွေအတွက် ပေးဆပ်တဲ့ အသင်းဂိုဏ်း၊ တရားဟောတဲ့ အသင်းဂိုဏ်းတစ်ခု ဖြစ်တယ်ဆိုပြီး ဖတ်မိတယ်။ နောက်ပြီးလားရှိုးသာသနာမှာ စတင် တည်ထောင်တာဖြစ်တဲ့ အတွက် အဲ့ဒီကနေစပြီးစိန့်ပေါလ်သီလရှင် တစ်ပါးဖြစ်ချင်လာခဲ့တယ်။ ပေးဆပ်ချင်တဲ့ စိတ်တွေပေါ်လာတယ်။ အဲ့ဒီကနေစပြီးခေါ်တော်မူခြင်း စတင်ခဲ့ပြီး ယနေ့ စိန့်ပေါလ်သီလရှင်အသင်းဂိုဏ်းရဲ့ သီလရှင်တစ်ပါးဖြစ်လာခဲ့ကြောင်းကို လားရှိုးသာသနာမှ Sr. Elizabeth Bawk Mai က သီလရှင်ဘဝခေါ်တော်မူခြင်းအစကို ပြောပြခဲ့ပါတယ်။

တစ်သက်သစ္စာခံယူသူ Sr.Lilia-Zar Ni Aung ကလည်း ႏ " သီလရှင်ဘဝ ခြောက်နှစ်အတွင်းမှာ သာသနာအုပ်စု (၅) နေရာမှာတာဝန်ကျခဲ့တယ်။ နေရာတိုင်းမှာတော့ သူ့အခက်အခဲနဲ့သူရှိတယ်။ တချို့နေရာတွေမှာ ကိုယ့်အတွက် ခက်ခဲခဲ့သလို၊ တချို့နေရာတွေမှာလည်းအဆင်ပြေတယ်။ သူတော်စင်ဘဝကို စဉ်းစားကြည့်တဲ့အခါ တစ်သက်ပတ်လုံး သစ္စာတည်ကြည်ရမယ်ဆိုရင် နည်းနည်းတော့ကြောက်စရာ၊ စိုးရိမ်စရာတွေ ဖြစ်မိတယ်။ ဒါပေမဲ့ ကျမကတော့ ငါ ဘုရားရဲ့ ကျေးဇူးတော်နဲ့ ဆိုရင်တော့ ကျမရဲ့ ဆောင်ပုဒ်အတိုင်း " ဘုရားသခင်၏ ကျေးဇူးတော်ဖြင့်ဆိုလျှင် အဆုံးထိအောင် သစ္စာတည်ကြည်နိုင်မယ်လို့ " ခံယူတယ်။ ဒါကြောင့်မို့လို့ သူတော်စင်တွေအားလုံးလည်းဘုရားရှင်ရဲ့ ကျေးဇူးတော်နဲ့ဆိုရင် အရာရာကို လုပ်ဆောင်နိုင်မယ်လို့ ပြောချင်ပါတယ် " ဟု ပုသိမ်သာသနာမှ Sr.Lilia Zar Ni Aungu က သူ၏ သူတော်စင်ဘဝခံယူချက်ကိုပြောပြခဲ့ပါသည်။

သီလရှင် ဝါတော် (၂၅)နှစ်ပြည့် ငွေစင်ဂျူဘီလီရှင် Sr.Romana ကလည်း " သာသနာပြု ဘဝကိုရောက်ချိန်မှာ အသင်းဂိုဏ်းရဲ့ လုပ်ဆောင်ချက်က သာသနာမရှိသေးတဲ့နေရာ၊ သခင်ခရစ်တော်ကို မသိသေးတဲ့သူတွေကြားမှာ သာသနာပြုလုပ်ရမယ်လို့ သွန်သင်မှုတွေရှိခဲ့တယ်။လက်တွေ့ဘဝကို ရောက်တဲ့အခါ ပထမဆုံးတာဝန်ကျတာက " ဝ " ပြည်မှာဖြစ်တယ်။ "ဝ"ပြည်မှာက ဘာသာတူတွေမရှိဘူး ။ တရုတ်လူမျိုးတွေများတယ်။ အဲ့လိုအချိန်မှာ ကိုယ်သင်ယူခဲ့ရ သိခဲ့ရတာတွေထက် ပြော် ဒီဘဝကြီးက ကြမ်းတမ်းပါလား၊ အထီးကျန်ပါလားလို့တွေးမိတယ်။ ဘာလို့လည်းဆိုတော့ ကိုယ်ကြီးပြင်းခဲ့တဲ့နေရာက ဘာသာတူတွေ အများကြီးနဲ့တူတူ ကြီးပြင်းလာတာဖြစ်တဲ့အတွက် အဲ့ဒီနေရာကို ရောက်တော့မနေတတ်ဘူး။ ခက်ခဲခဲ့တယ်။ဒါပေမဲ့ခက်ခဲတဲ့ အချိန်တိုင်း ကိုယ်တော်မြတ် စက္ကရမင်တူးကိုကိုးကွယ်တယ်။ ကိုယ်တော်မြတ် စက္ကရမင်တူးမှာ ကျေးဇူးတော်များကိုတောင်းခံတဲ့ အခါမှာ အခက်အခဲများကို ကျော်လွှားနိုင်ခဲ့ပြီး ယခုလို(၂၅)နှစ်တိုင်တိုင် သူတော်စင်ဘဝဖြင့် ပေးဆပ်နိုင်ခြင်း ဖြစ်ကြောင်းကို ပုသိမ်သာသနာမှ Sr.Romana က သူ၏ အခက်အခဲများကို ကိုယ်တော်မြတ်စက္ကရမင်တူးအားဖြင့် ကျော်ဖြတ်ကြောင်းကိုပြောပြခဲ့ပါသည်။

စိန့်ပေါလ် သီလရှင် အသင်းဂိုဏ်း ကိုလားရှိုးသာသနာ၌ ၁၉၉၀ ခုနှစ် မေလ (၂၅) ရက်နေ့က စတင်တည်ထောင်ခဲ့ပါသည်။ အသင်းဂိုဏ်း တည်ထောင်ခဲ့သူမှာ ရန်ကုန် ကက်သလစ်ဂိုဏ်းချုပ်သာသနာပိုင် ဆရာတော်ကြီး ကာဒီနယ်ချားလ်စ်ဘို ဖြစ်ပါသည်။ အသင်းဂိုဏ်း၏ လုပ်ဆောင်ချက်မှာ " ခရစ်တော်၏ သတင်းကောင်းကိုတစ်ပါးလူမျိုးများအား ဟောပြောသက်သေခံရန် " ဖြစ်သည်ဟု သိရှိရပါသည်။

Pinky

( RVA Myanmar Service / MDY-OSC )



# ၂၀၂၂ ခုနှစ် ပေါ်တူဂီနိုင်ငံ လစ္စဘွန်းမြို့တွင် ကျင်းပမည့် ကမ္ဘာ့လူငယ်များနေ့အတွက် ခေါင်းစဉ်အား ပုပ်ရဟန်းမင်းကြီးက ကြေငြာခဲ့

လူငယ်များ၏ ဘဝ အသက်တာအတွက် ၂၀၁၈ ခုနှစ် အောက်တိုဘာလတွင် ကျင်းပပြုလုပ်ခဲ့သော ဆရာတော်ကြီးများ ညီလာခံ အလွန် အပြည်ပြည်ဆိုင်ရာ လူငယ်ဖိုရမ်ကို ဇွန်လ ၁၉ မှ ၂၂ ရက်နေ့အထိ ရောမမြို့တွင်ကျင်းပခဲ့သည်။ အဆိုပါညီလာခံသည် မကြာသေးမီက ပြုလုပ်ကျင်းပ ခဲ့သော အပြည်ပြည်ဆိုင်ရာ ကက်သလစ်ဆရာတော်ကြီးများမှ လူငယ်များအတွက် စုရုံးစည်းဝေးခဲ့ကြသော အကြောင်းအရာများအား လူငယ်များကိုယ်တိုင် ဆက်လက်ဆွေးနွေး အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန် ပြုလုပ်ကျင်းပသော ညီလာခံဖြစ်ပါသည်။

လူငယ် ၁၀၉ ဦး တက် ရောက်ခဲ့သော ထို ညီလာခံ အဆုံးတွင် ပုပ်ရဟန်းမင်းကြီးက ပေါ်တူဂီနိုင်ငံ လစ္စဘွန်းမြို့ တွင် ကျင်းပမည့် ကမ္ဘာ့လူငယ်များနေ့အတွက် ခေါင်းစဉ်း ကို ကြေငြာခဲ့သည်။

ထိုခေါင်းစဉ်းမှာ "မာရီယားသည် ထ၍ အလျင်အမြန်သွားလေ၏" (ရှင်လုကာ ၁း ၃၉) ဖြစ်သည်။ လူငယ်ပွဲတော်ကျင်းပမည့် နေရာသည် ဖါတီမာမယ်တော် ရှိရာ အရပ်နှင့် ၇၅ မိုင်သာ ကွာဝေးသည်။

"သင့်အတွက် ချမှတ်ထားသော လမ်းပေါ်သို့ လျှောက်လှမ်း သင့်အား ခေါ်နေသော ဘုရားသခင်၏ အသံမှ လိုင်းမပြောင်းလိုက်ပါနဲ့။ မယ်တော်လို၊ မယ်တော်နဲ့အတူလက်တွဲပြီး သင့်ရဲ့ ပျော်ရွှင်ခြင်းနဲ့ ချစ်ခြင်းကို အခြားသူများထံ သယ်ဆောင်ပေးနိုင်ပါစေ။"

ရှင်လုကာ ဓဝံဂေလိ ကျမ်းစာတွင် တွေ့ရသော မယ်တော်သခင်မ ဧလိဇဘက်ထံ သွားရောက်ခြင်း ကျမ်းပိုဒ်ကို ထောက်ရှုရန် မှာကြားခဲ့သည်။ ထို့အပြင် အခြား ကျမ်းပိုဒ် ၂ ပိုဒ်ကိုလည်း ထောက်ရှုစေလိုကြောင်း မိန့်ကြားခဲ့သည်။



ထိုကျမ်းပိုဒ်များမှာ "အချင်းလူငယ် သင့်ကိုငါ အမိန့်ပေးသည် ထလော့" (ရှင်လုကာ ၇း၁၄) နဲ့ "ထ၍မတ်တပ်ရပ်လော့။ သင်မြင်ခဲ့ရသော အရာတို့၏ သက်သေခံအဖြစ် သင့်ကို ငါခန့်ထားပြီ။" (တမန်တော်ဝတ္ထု ၂၆း ၁၆)။ ဤကျမ်းပိုဒ် ၂ ပိုဒ်တို့သည် ၂၀၂၀ နှင့် ၂၀၂၁ ကမ္ဘာ့လူငယ်များနေ့တို့၏ ခေါင်းစဉ်း အဖြစ် သတ်မှတ်ပေးမည် ဖြစ်သည်။

CBCM-OSC




**ရွှေနိုင်ငံဖြစ်အောင် ပြန်လည်ကြိုးပမ်းကြပါစို့**

**ငြိမ်းချမ်းရေးအသီးအပွင့်များကို ကိုယ်တိုင်ခံစားကြပါစို့**

မြန်မာပြည်က လက်နက်ကိုင်ပဋိပက္ခအားလုံးချုပ်ငြိမ်းရေး

ကာဒီနယ် ချားလ်စ်ဘို (ရန်ကုန်ကက်သလစ်ဂိုဏ်းချုပ်သာသနာ၊ မြန်မာနိုင်ငံ)

ဇာ - ၂၀



## ခရစ္စမားအားပေးခြင်း စက္ကရင်မင် မင်္ဂလာခံယူခြင်း အခမ်းအနား



ရန်ကုန်ဂိုဏ်းချုပ်သာသနာ
မြောက်ဥက္ကလာပ၊
စိန့်ဂေးဗြီဘုရားကျောင်း၌
သန့်ရှင်းသောဝိညာဉ်တော်ပွဲနေ့
(၂၀၁၉ ခု ဇွန်လ ၉ ရက်) တွင်
ကလေးသူငယ် (၉၆) ယောက်သည်
လက်ထောက်ဆရာတော်
ဂျွန်စောယောဟန် လက်တော်မှ
ခရစ္စမားအားပေးခြင်းစက္ကရင်မင်
မင်္ဂလာခံယူခဲ့ကြသည်။

Credit: RVA Sagaw Karen Service





မြန်မာနိုင်ငံ
ကက်သလစ်ဆရာတော်ကြီးများ
အဖွဲ့ချုပ် ပိုင် တေးသံသွင်း
ဓမ္မတေးသီချင်းများ
ထုတ်လုပ်လိုလျှင်ဆက်သွယ်ကာ
အကူအညီရယူနိုင်ပါသည်။
ဖုန်း - ၀၉၂၆၈၄၂၁၆၀၀
၀၉၇၉၉၃၈၃၆၁၅